တပေါ် စ တော် မင်္ဂလ မုတ္တမံ၊ မြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၁)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏ပညာရေးလုပ်ငန်းများ ပြည်သူပြည်သားအားလုံးနှင့်တိုက်ရိုက်သက်ဆိုင် ဘက်စုံဖွံ့ ဖြိုးတိုးတက်သည့်အဆင့်မြင့်ပညာရေးစနစ်တစ်ပြိုင်တည်းပေါ်ထွန်းလာရေးဆောင်ရွက် ခေတ်မီနိုင်ငံတည်ဆောက်ရာတွင် အုပ်ချုပ်ရေးယန္တရားခိုင်မာပြီးစနစ်တကျလည်ပတ်ရန်လို အထွေထွေအုပ်ချုပ်ရေးကိစ္စများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးသင့်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့၏ **"လူမှုရေးကဏ္ဍ"** ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)



ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များ

* လူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံတစ်ဝန်းလုံး တူညီမျှတသည့် အခွင့်အရေးများရရှိရန် ဆောင်ရွက်ပေးဖို့လိုအပ်။
* တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်မှသာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်မည်။

ဒုတိယဝန်ကြီးဦးသိန်းစိန်နှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့၏ လူမှုရေးကဏ္ဍ ရှင်းလင်းတင်ပြချက် (စာ-၁)

* နိုင်ငံတော်လျှို့ဝှက်ချက်များ ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း တစ်ပြေးညီဆောင်ရွက်ပေးရန်လိုအပ်။
* အသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဖွဲ့စည်းဆောင်ရွက်ကြဖို့ အထူးလိုအပ်။

တရားရုံးချုပ် တရားသူကြီး ဦးတင်အေး၏ စီမံခန့်ခွဲရေးကဏ္ဍ ရှင်းလင်းတင်ပြချက် (စာ-၁၂)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၂၁ ရက်)

စီးပွားရေးကွင်းဆက်အားရှိမှ နိုင်ငံရေးနှင့်လူမှုရေးကွင်းဆက် ခိုင်ခံ့မည် ပြည်သူတစ်ရပ်လုံး၏အကျိုး ဦးထိပ်ထား ဆွေးနွေးအကြံပြု

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မေလ ၁၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီ မြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်း တင်ပြရာတွင် ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေးက **"စီးပွားရေးကဏ္ဍ"**ကို ရှင်းလင်းတင်ပြပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"**ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"**နှင့် **"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ"** တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်က **"စက်မှုလက်မှုကဏ္ဍ"**နှင့် **"ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"**တို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်း ရေးကို ရှေးရှု၍ ပြည်သူတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးဦးတည်ချက်များ ချမှတ်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ညှိနှိုင်းပေါင်းစပ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ နှစ်စဉ်တိုးတက်လာသည့် လူဦးရေနှင့်အညီ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်မှသာ လူမှုဘဝ စားသောက်မှုပြည့်စုံလာမည် ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ဖောက်ချလုပ်ကိုင် သွားရမည်ဖြစ်သည်။

နိုင်ငံတော်၏ ပို့ကုန်နှင့် သွင်းကုန်အခြေအနေကို အမြဲလေ့လာထိန်းကျောင်းနေမှသာ တိုင်းပြည်၏ စီးပွားရေးတိုးတက်မည် ဖြစ်သည်။

နိုင်ငံတော်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်၍ နောင်တွင် ပြည်ထောင်စုကသာ ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်သည်။

နိုင်ငံတော်က သစ်တောသယံဇာတ စီးပွားဖြစ်ထုတ်လုပ်ရေး၊ သစ်အချောထည်များ တိုးချဲ့ ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းမှ အရင်းအနှီး ရှာဖွေပြီး စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံကာ စက်မှုနိုင်ငံတည်ဆောက်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ချောမွေ့စေရန် ဆောင်ရွက်ပေးလျက် ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးသည် နိုင်ငံရေးနှင့် လူမှုရေးတို့ကို ချိတ်ဆက်ပေးသည့် အဓိက ကွင်းဆက်ဖြစ်၍ စီးပွားရေးကွင်းဆက် အားကောင်းရန်လိုအပ်သည်။ စီးပွားရေးကွင်းဆက် အားရှိမှသာ နိုင်ငံရေးနှင့် လူမှုရေးကွင်းဆက်များလည်း ခိုင်ခံ့မည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက် ရေးနှင့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးတွင် ပဓာနကျသည့် စီးပွားရေးကဏ္ဍနှင့် ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူများကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား ဦးထိပ်ထား၍ ဆွေးနွေးအကြံပြုသွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက် ရပါသည်။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၉ ရက်က သပြေကုန်းရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၅၉)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၀

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ အဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်း ဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မ ဇောတိကဓဇ)ဦးဆောင်သော မြန်မာ လပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၀၈)ကြိမ်မြောက် အနာဂါမ် ဆရာ သက်ကြီး ဝိပဿနာ ခုနစ်ရက်တရား စခန်း(ယောဂီအသင်း)ကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ ဇွန် ၂ ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီ များသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂ သို့ ဆက်သွယ် စာရင်းသွင်း နိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဇွန်၂ရက် ညနေ ၃ နာရီထက် နောက် မကျစေဘဲ မိမိတို့၏ အမျိုးသား မှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်း မြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာ ဇူပြာ အသင်းချုပ်သို့ လာရောက် ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထား ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မေ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက် ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်း အဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဒေါ်သီဂီတင် ဒုတိယညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
(ခ) ဦးမြင့်ရွှေ ညွှန်ကြားရေးမှူး ပျားလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပျားလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန

(သတင်းစဉ်)

ဆုထူးပန်အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၀

နှစ်စဉ် ဖွင့်လှစ်ပို့ချနေကျဖြစ်သော ဆုထူးပန် အဘိဓမ္မာသင်တန်းများကို မေ ၂၂ရက်(စနေနေ့)နံနက် ၈နာရီခွဲတွင် စတင်ဖွင့်လှစ်မည်။ ဗဟန်း မြို့နယ် ငါးထပ်ကြီးဘုရားလမ်း အမှတ် ၃၆ ဗြဟ္မဝိဟာရ ဓမ္မာရုံကြီးတွင် သဒ္ဓမ္မ ဇောတိကဓဇ ဆုထူးပန် ဆရာကြီး ဦးဟန်ကိုယ်တိုင် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဒေးဒရဲမြို့ စက်သုံးဆီအရောင်းဆိုင်စစ်ဆေး

ရန်ကုန် မေ ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မေ ၁၈ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဒေးဒရဲမြို့ တောကျောင်းတိုက်သို့ရောက်ရှိပြီး ဘဝနတ်ထံပျံလွန်သွားတော်မူသော တောကျောင်းတိုက်ကြီးနှင့် စိန္တာမုနိ ဘုရားကြီး ကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကုသလ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ မည့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်အတွင်းသို့ သွား ရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး သည်။

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၁၈၉)သို့သွားရောက်ပြီး စက်သုံးဆီ ဖြန့်ဖြူး ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီအလေအလွင့်မရှိစေရေး၊ စာရင်းဇယားများ မှန်ကန်တိကျစွာ ဆောင်ရွက်သွားရေး၊ အမှန်တကယ်ပြေးဆွဲ သည့် ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များ၊ ရေယာဉ် များကို ဆီစားနှုန်းတွက်ချက်ပြီး လုံလောက်အောင် ဖြန့်ဖြူးရောင်းချရေးတို့ကို မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆေးရုံတွင် ဆေးကုသမှုခံယူနေသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား အားပေးစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၀

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီ ခွဲတွင် ညောင်နှစ်ပင်စခန်းရှိ ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး) ဒေါက်တာတင်ဝင်းမောင်၊ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှမြင့်၊ ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာခင်ခင်ရီ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆရာ ဆရာမများ၊ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အမျိုးသားလူနာဆောင်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော နိုင်ငံရေးပါတီဖြစ်သည့် ပြည်ထောင်စုကရင် အမျိုးသားအဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ်ဦးမန်းတင်အောင်သန်း၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် ငြိမ်းချမ်းရေး ရယူထားသော ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးမဟာကြာ၊ တိုင်းရင်းသားကိုယ်စားလှယ်ဖြစ်သူ ကယားပြည်နယ် ဖာဆောင်းမြို့မှ ညီလာခံကိုယ်စားလှယ် ဦးခင်ဇော်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များမှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသည့် ဒါရိုက်တာ ဦးခင်ဇော်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်၊ တိုင်းရင်းသားကိုယ်စားလှယ်ဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ညီလာခံ ကိုယ်စားလှယ် ဦးသန်းတို့အား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများ မေးမြန်းကာ အားပေးစကား ပြောကြားပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ စားသောက်ဖွယ် လက်ဆောင်များကို ဆေးကုသမှု ခံယူလျက်ရှိသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ပေးအပ်သည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဂေါက်သီးရိုက်လေ့ကျင့်ကွင်းသို့ ရောက်ရှိကြပြီး ညီလာခံကိုယ်စားလှယ်များပျော်ရွှင်ချမ်းမြေ့စွာ ဂေါက်သီးရိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မိုးလုံလေလုံအားကစားခန်းမသို့ ရောက်ရှိကြပြီး အမျိုးသားကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းအတွင်းညီလာခံကိုယ်စားလှယ်ဖြစ်သူ အမျိုးသားများ၏ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်နေမှုများကိုလည်းကောင်း၊ စားပွဲတင်တင်းနစ် ကစားနေမှုများကိုလည်းကောင်း၊အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းအတွင်း ညီလာခံကိုယ်စားလှယ်အမျိုးသမီးများ၏ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

အရောင်းဆိုင်များစစ်ဆေး

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညီလာခံကိုယ်စားလှယ်များအတွက် အလွယ်တကူ ဝယ်ယူနိုင်ရန် သက်သာချောင်ချိသောဈေးနှုန်းဖြင့် ဖွင့်လှစ်ပေးလျက်ရှိသည့် မွန်မွန်ဗျူတီပါလာဆိုင်၊ မျက်မှန်ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများဦးစီးသော နိုင်ငံတကာအဆင့်မီ မြန်မာမျက်မှန်ဆိုင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးစခန်း၊ ဂရင်းကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက်၏ ဆေးအရောင်းဆိုင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်နှင့် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမ(GEC) အရောင်းဆိုင်များသို့လှည့်လည်ကြည့်ရှုစစ်ဆေးပြီးညနေ ၅ နာရီခွဲတွင်အရောင်းဆိုင်များမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မေ ၂၀ ရက်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ၁၉၉၆ ခုနှစ် မတ် ၃၀ ရက်အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံ ရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ တက်ရောက်ကြသော ညီလာခံကိုယ်စားလှယ်များကို တွေ့ရစဉ်။ (သတင်း–

အဘိဓမ္မာပြန့်ပွားရေးအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မေ ၂၀

ဆူးလေစေတီတော်ရင်ပြင်တော်ရှိ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ (၅၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို ဇွန် ၆ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဗဟန်းလမ်းမကြီးပေါ်ရှိ 'ရတနာဃရ' ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။အသင်းသူ အသင်းသားများ ပေးပို့ထားသော ဖိတ်စာများ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

စူပါသတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် မေ ၂၀

စူပါများနှင့် တွဲရိုက်ခဲ့သော ခိုင်နှင်းဝေ၏ အတွေ့အကြုံ၊ ထက်ထက်မိုးဦးနှင့် မွေးနေ့ချင်းတူတဲ့ ကိုရီးယားမင်းသား ဟိုဂျယ်အကြောင်း၊ ကလီယိုပက်ထရာနှင့် ရက်ရက်စက်စက်၊ သရဲလေးကောင် မကွဲပေါင်၊ ချစ်သူနားဆင်ဖို့ ရင်ခုန်သံသီချင်း၊သီချင်းဟောင်းတွေကို Live Show ပြန်မလုပ်သင့်ဘူးဆိုသော ဆောင်းဦးလှိုင်၊ သမိန်ပေါသွပ်ကို အသက်သွင်းလိုက်သော အခါ၊ ဗီဒီယို ရုပ်ရှင်စူပါဖြစ်လျှင်၊ အောင်မြင်သူတို့ ဂုဏ်ပြုပွဲ၊ ဟိုဂျယ် (ကွမ်ဆူဝူး) ၏ ကိုယ်ရေးအကျဉ်း၊ တွမ်ခရုစ်က ရင်ခွင်ဟောင်းဆီပြန်သွားတော့ ပင်နိလုတ်ခရုစ်က ရင်ခွင်သစ်မှာပျော် စသော ပြည်တွင်း၊ ပြည်ပစူပါ အနုပညာရှင်တို့ အကြောင်းစုံကိုဖော်ပြထားသော**"စူပါ"** သတင်းဂျာနယ်ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉ လမ်းက ဖြန့်ချိကြောင်း သိရသည်။

(က–ပ)

အမျိုးသားညီလာခံစုံညီအစည်းအဝေးများကချမှတ်ပြီးစီးခဲ့သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များအားရှင်းလင်း

ရန်ကုန် မေ ၂၀

အမျိုးသားညီလာခံစုံညီ အစည်းအဝေးများက ၁၉၉၆ခုနှစ် မတ် ၃၀ရက်အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိများအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့်အတွင်းရေးမှူး ဦးသောင်းညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်သည်။

အစီအစဉ်အရ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့က အမျိုးသားညီလာခံစုံညီ အစည်းအဝေးများက ၁၉၉၆ ခုနှစ် မတ် ၃၀ ရက်အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူ(၁၀၄) ချက်နှင့် အသေးစိတ် အခြေခံရမည့်မူများကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ၁၉၉၆ခုနှစ် မတ် ၃၀ရက်အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် သဘာပတိများအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ၁၉၉၆ ခုနှစ် မတ် ၃၀ရက်အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ၁၉၉၆ ခုနှစ် မတ်၃၀ရက်အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးများ က ၁၉၉၆ခုနှစ် မတ် ၃၀ ရက် အထိချမှတ်ပြီးစီး ခဲ့သည့် အခြေခံ မူများနှင့်အသေး စိတ် အခြေခံရ မည့် မူများနှင့် စပ်လျဉ်း၍ အမျိုး သား ညီလာခံ ကျင်းပရေး လုပ် ငန်း ကော်မတီ ဥက္ကဋ္ဌက အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၇၈၉ ဦးရှိပြီ

ဘဂ္ဂဒက် မေ ၂၀

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်များ လွှန်ခဲ့သည့်နှစ်၌ စတင်စစ်ပွဲဆင်နွှဲခဲ့သည်မှ ၂၀၀၄ ခုနှစ် မေလ ၁၉ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၇၈၉ဦး သေဆုံးခဲ့သည်။

ပြောကြား

ယင်းအနက် ၅၇၅ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၁၄ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၃ခုနှစ် မေလ ၁ရက်နေ့၌ စစ်ပွဲကြီးပြီးဆုံးကြောင်း ဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၅၁ ဦးဖြစ်သည်။

သေဆုံး

ယင်းအနက် ၄၆၆ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၈၅ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **အင်တာနက်**

အပြစ်ရှိသော ကန်တပ်ဖွဲ့ဝင်များကိုပြင်းပြင်းထန်ထန်အရေးယူရန် အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီ ပြောကြား

ရောမ မေ ၁၇

အီရတ်ဘာသာရေးမြို့ကြီးများကို တိုက်ခိုက်မှုရပ်တန့်ပြီး ညှဉ်းပန်းနှိပ်စက်သည့် အပြစ်ရာဖွေတွေ့ရှိသောတပ်ဖွဲ့ဝင်များကို ပြင်းပြင်းထန်ထန် အရေးယူရန် အမေရိကန်ပြည်ထောင်စုအား အီတလီနိုင်ငံက တောင်းဆိုထားကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံ၌ အကြမ်းဖက်မှု မြင့်မားလာခြင်းကြောင့် ထိတ်လန့်ကြောက်ရွံ့မှုနှင့် အကျဉ်းသား ညှဉ်းပန်းနှိပ်စက်သည့်အရုပ်တော်ပုံကြောင့် တုန်လှုပ်ချောက်ချားမှုဖြစ်ခဲ့ရာ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့သို့ အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ စေလွှတ်ရေးဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အီတလီအစိုးရသည် ပြင်တွင်း၌ ကာကွယ်ပြောဆိုနေရသည်ကို ကိုယ်တိုင်တွေ့လာရသည်။

တိုးလာ

နာဆီရီယာမြို့တွင်ရှိသော အီတလီတပ်ဖွဲ့ဝင်များသည် လွန်ခဲ့သည့်သုံးရက်တွင် ပြည်သူ့စစ်တို့၏ တိုက်ခိုက်ခြင်းခံခဲ့ရသဖြင့် တပ်ဖွဲ့ဝင်များကို အီရတ်မှရုပ်သိမ်းရန် အတိုက်အခံနိုင်ငံရေးသမားများ၏ တောင်းဆိုချက်များ တိုးလာခဲ့သည်။ အီတလီအစိုးရသည် အီရတ်၌တပ်ဖွဲ့ဝင်များကို ချထားရန်ရည်ရွယ်သော်လည်း တိုက်ခိုက်မှုအားကိုလျှော့ချရန် အမေရိကန်ပြည်ထောင်စုကို တောင်းဆိုထားသည်ဟု ဖရက်တီနီက သတင်းစာသို့ ပြောကြားသည်။

အီရတ်ဘာသာရေးမြို့များအား တိုက်ခိုက်မှုမပြုရန်နှင့် ထိုမြို့များအား အီရတ်တပ်ဖွဲ့ဝင်များကို ထိန်းချုပ်စေရန် အမေရိကန်တို့အား မိမိတို့ တောင်းဆိုထားကြောင်းလည်း ဖရက်တီနီကပြောဆိုသည်။ အင်္ဂလိပ်-အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို ရက်စက်ဖွယ်ဖြစ်သော ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခဲ့ခြင်းကို ဝန်ကြီးက ပြစ်တင်ရှုတ်ချလိုက်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မကျေမနပ်

မေ ၁၈ရက်က ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အီရတ်ယာဉ်မောင်းတစ်ဦး ဒဏ်ရာရရှိခဲ့သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်ခဲ့သည့်ကျည်ခွံများကိုပြကာ မကျေမနပ်ပြောကြားနေသော အီရတ်တစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အီရတ်ကလေးများတွင် ဦးနှောက်အကြောသေရောဂါ ဖြစ်ပွားမှုတိုးပွား

ဘဂ္ဂဒက် မေ ၁၈

ဦးနှောက်အကြောသေရောဂါရှိ အီရတ်ကလေးအရေအတွက်သည် သိသိသာသာတိုးပွားလျက်ရှိပြီး ဖြစ်ပွားမှု ၆၀၀၀ ကျော်မှာ ဘဂ္ဂဒက်၌သာလျှင် စံချိန်တင် ဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသခံသတင်းစာတစ်စောင်က ဖော်ပြသည်။

ဦးနှောက်အကြောသေရောဂါဖြင့် နို့စို့ကလေးငယ်များ သေဆုံးပြီးနောက် အီရတ်နိုင်ငံရှိ ကလေးများအကြား ၎င်းရောဂါ အလွန်ကျယ်ပြန့်စွာ ပျံ့နှံ့ခဲ့ကြောင်း လူမှုစောင့်ရှောက်ရေးဌာန ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှု ရောဂါစစ်တမ်းဆိုင်ရာ ညွှန်ကြား ရေးမှူး ဒေါက်တာဖက်ဟီးလ်မာမွတ် ဒါဟတ်ချ်၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

အီရတ်ပြည်နယ် အုပ်ချုပ်ရေးမှူးများက အဆိုပါရောဂါ၏ စံချိန်တင်ဖြစ်ပွားရခြင်းအကြောင်းကို ညွှန်ပြရာတွင် မိခင်များ၌ ဂျာမန်ဝက်သက်ရောဂါပိုးဝင်ရောက်ခြင်း၊ သွေးတိုးရောဂါရှိခြင်း၊ ဖခင်နှင့် မိခင်အကြား မျိုးရိုးဗီဇကွဲပြားခြင်းနှင့် အာဟာရချို့တဲ့ခြင်းများ ဖြစ်ပွားရခြင်းကြောင့်ဟု ဆိုသည်။ လွန်ခဲ့သည့်နှစ်က အီရတ်အား အမေရိကန်ဦးဆောင်၍ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း အာဟာရချို့တဲ့သော ရောဂါများစွာ ပေါ်ပေါက်လာသည်မှာ မျက်မြင်ပင်ဖြစ်ပြီး အရေးပါသော နေရာများ၌ အဆိပ်သင့်မှုများပျံ့နှံ့ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံး နိုင်ငံတကာတိုးတက်ပြောင်းလဲမှုများက လွှမ်းမိုးကြီးစိုးလျက်ရှိ အနာဂတ်အမျိုးသားရေးအကျိုးစီးပွားကာကွယ်ပေးနိုင်ရေး ပညာရေးကဏ္ဍပြင်ဆင်ဆောင်ရွက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ***ကျောဖုံးမှ***

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့နှင့် မြန်မာသမိုင်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများအားလုံးကို နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများက လွှမ်းမိုးကြီးစိုးလျက်ရှိနေသည့်အတွက် အမျိုးသားပညာရေး မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသူကျောင်းသားများ၏ ပညာရည်တိုးတက်မြင့်မားရေးသက်သက်ကိုသာ မျှော်မှန်းဆောင်ရွက်နေရုံဖြင့် မလုံလောက်တော့ဘဲ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ပြည့်စုံခိုင်မာသည့် အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားနှင့် ယှဉ်တွဲပြီး တည်ဆောက်ကာကွယ်ပေးနိုင်ရေးအတွက်ကိုပါ ပညာရေးကဏ္ဍက ပြင်ဆင်ဆောင်ရွက်ပေးရမည့် အခြေအနေကိုရောက်ရှိနေပြီဆိုတာ ပညာရှင်များအားလုံးက လက်ခံထားကြပြီဖြစ်ကြောင်း။

အထူးလိုအပ်

ထို့ကြောင့် ယနေ့နှီးနှောဖလှယ်ပွဲကြီးတွင် အဆင့်မြင့်ပညာကဏ္ဍ၏ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းလုပ်ငန်းများကို ဆွေးနွေးသုံးသပ်ပြီး အနာဂတ်အတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာမှာ ပညာရေးကဏ္ဍ၏ ပိုမိုကျယ်ဝန်း နက်ရှိုင်းလာသည့် လုပ်ငန်းတာဝန်များနှင့်တကွ အခြေအနေ၊ အချိန်အခါ အရပ်ရပ်မှာ အမျိုးသားရေးအကျိုးစီးပွားကို ပညာရေးဖြင့် ဖော်ဆောင်မြှင့်တင်ပေးနိုင်ရေးဆိုသည့် အမျိုးသားရေးတာဝန်များကိုပါ အဓိက ဆွေးနွေးသုံးသပ် ဆုံးဖြတ်သွားကြရန် အထူးလိုအပ်ပါသည်ဟု ပညာရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများကို အလေးအနက်မှာကြားလိုကြောင်း။

ယနေ့နိုင်ငံတကာ မျက်နှာစာမှာ အယူဝါဒရေး ပဋိပက္ခဖြစ်မှုများက တစ်ဆင့် ဖြစ်ပေါ်လာသည့် အလွန်တရာ နက်နဲသိမ်မွေ့ပြီး တစ်ကမ္ဘာလုံးကို လွှမ်းခြုံရိုက်ခတ်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများက ဖန်တီးလာနေသည့် နည်းပညာကွာဟမှု၊ ခေအင်အားကွာခြားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းမညီမျှမှုများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဂယက်ရိုက်ခတ်မှုနှင့် စိန်ခေါ်မှုအသစ်များကို တွေ့ကြုံစေလျက်ရှိကြောင်း။

ယခုအခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ သိပ္ပံနည်းပညာဆိုင်ရာစွမ်းအားပြည့်ဝမှု၊ အသိအမြင်ဗဟုသုတကြွယ်ဝမှု၊ အမျိုးသားရေးစိတ်ဓာတ်ထက်သန်မြင့်မားမှုတို့က ဖန်တီးဖော်ဆောင်ပေးသည့် အမျိုးသားရေးကိုယ်ခံစွမ်းအားကို ပညာရေးကဏ္ဍကတစ်ဆင့် အခိုင်အမာတည်ဆောက်ထားနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို နိုင်ငံတကာမျက်နှာစာမှာ တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်ကြီးပွားရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံ ပီသစွာ နိုင်ငံတကာ့အလယ်မှာ တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေးနှင့် စည်းလုံးညီညွတ်ခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေးတို့အတွက် အမျိုးသားရေးဦးတည်ချက်များဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာအသီးသီးမှာ ဟန်ချက်ညီညီ ဖြန့်ကြက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ပညာရေးကဏ္ဍအနေဖြင့်လည်း ဤအမျိုးသားရေးဦးတည်ချက်များအောင်မြင်ဖြစ်ထွန်းလာရအောင် ပံ့ပိုး၊ ထောက်ကူပေးနိုင်ရန် လိုအပ်မှာဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရေးစီမံကိန်းများကို စနစ်တကျချမှတ်ပြီး ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်၏ အနာဂတ်အလားအလာများ၊ အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးမှာ ကြီးမားကျယ်ပြန့်သောလူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရအောင် တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး အစဉ်လေ့လာသင်ယူနေသည့် ပညာရေးစနစ်ဖြစ်ထွန်းလာစေရအောင် စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် အဆင့်မြင့် ပညာကဏ္ဍအနေဖြင့်ကြည့်လျှင် အခြေခံပညာကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေးမြှင့်တင်မှုအစီအစဉ်များ၏(တတိယအဆင့်)ရောက်ရှိသည့် ၂၀၀၀ ပြည့်နှစ်တွင် အခြေခံပညာကဏ္ဍနှင့် ချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းကို စတင်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ဤအမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သည့် ၂၀၀၁ ခုနှစ်တွင် နိုင်ငံတော်၏ အခြားသော စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးနှစ်ရှည်စီမံကိန်းများနှင့် ပညာရေးကဏ္ဍကို ဆက်စပ်ပြီး အမျိုးသားပညာရည်မြင့်မားရေးအနှစ် ၃၀နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခဲ့တာတွေ့ရကြောင်း။

ယခုဆိုလျှင် အဆင့်မြင့် ပညာကဏ္ဍ၏ အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းအောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သည့်အတွက် ဤအောင်မြင်ဖြစ်ထွန်းမှု၏ အကျိုးရလဒ်ကောင်းများကို အခြေခံပြီး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် အချိန်ကာလကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်းများဖြစ်ထွန်း

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလနှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးမှာ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် တစ်ရှိန်ထိုးတိုးတက်ပေါ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ ပညာရပ်မျိုးကွဲများဖွံ့ဖြိုးမှုနယ်ပယ်အချင်းချင်း ဆက်စပ်ဖြစ်ထွန်းလာရာက ပေါ်ပေါက်လာသည့် ပေါင်းစပ်ဘာသာရပ်များ စသည့် သိပ္ပံနှင့်နည်းပညာတိုးတက်ဖြစ်ထွန်းမှုနယ်ပယ်ကဏ္ဍအားလုံး နိုင်ငံတော်အတွင်း လိုက်လျောညီထွေစွာ တိုးတက်ထွန်းကားလာစေရန် ခေတ်မီနည်းပညာရပ်များကို အခြေခံပြီး အရည်အသွေးမြင့်မားသောသင်ကြားမှု၊ သင်ယူမှုစွမ်းရည်များ တိုးတက်ပွားများ ခိုင်မာစေရန် လက်တွေ့ဘဝမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့်တကွ အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်စေရန်အတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်ခဲ့သလို ထိုက်သင့်သော အောင်မြင်ဖြစ်ထွန်းမှုအကျိုးရလဒ်ကောင်းများလည်း ရရှိဖြစ်ထွန်းလာနေတာတွေ့ရကြောင်း။ ***စာမျက်နှာ ၆ ကော်လံ ၁***

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

မြန်မာ့ရုပ်မြင်သံကြား

၂၁–၅–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ English For Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice In Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
၁၇:၅၅ ၉။ ကယားတို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၈:၀၅ ၁၀။ Discovery
၁၈:၁၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးနတ်မယ်”** (အပိုင်း–၂၄)
၁၉:၃၀ ၁၅။ ဖွံ့ဖြိုးမှုဝေမနော‌ခြေ(အပိုင်း–၁)
၁၉:၄၅ ၁၆။ “ကျေးလက်ဒေသတစ်ခွင်အလှဆင်”
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **“မြေပြန့်တောင်ပေါ်ပင်လယ်တောင်တန်း”** (မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများ) (ဒါရိုက်တာ–မျိုးအေး)

မြဝတီရုပ်မြင်သံကြား

၂၁–၅–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Production (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်ကိုင်အိတ်ဒီဇိုင်း အဆန်းနဲ့ အရမ်းကိုလှ”** (အပိုင်း–၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင်” သိုင်းညီနောင်ငါးဖော်** (အပိုင်း–၁)

စာမျက်နှာ ၅ မှ

အဓိကအားဖြင့် အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း မျှော်မှန်းချက်များ၊ အနှစ် ၃၀နှစ်ရှည်စီမံကိန်းမျှော်မှန်းချက်များနှင့်အညီ အဆင့်မြင့်ပညာကဏ္ဍသည် **"အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ"** ဆိုသည့် ဂုဏ်ဒြပ်များကို ပီပီပြင်ပြင်၊ ခိုင်ခိုင်မာမာဖြစ်ထွန်းလာစေခဲ့ပြီဖြစ်သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ကြောင်း။

အခွင့်အလမ်းပွင့် ပညာရေးစနစ်ဖြစ်ထွန်းလာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေမည့် တက္ကသိုလ်၊ ကောလိပ်များကို ပြည်နယ်၊ တိုင်းမြို့ကြီးများအားလုံးလိုလိုမှာ တိုးချဲ့ဖွင့်လှစ်ပေးမှုတွေ၊ အဆင့်မြှင့်တင်ပေးမှုတွေ ဆောင်ရွက်နိုင်ခဲ့သလို တက္ကသိုလ်နှင့် ကောလိပ်များတွင် သင်ကြားရေးအစီအစဉ်များတိုးချဲ့ဆောင်ရွက်မှုတွေ၊ ပါရဂူဘွဲ့၊ မဟာဘွဲ့အစီအစဉ်များတိုးချဲ့ဖွင့်လှစ်ပေးမှုတွေ၊ ပေါင်းစပ်ဘာသာရပ်(Multi-disciplinary Programmes) များတိုးချဲ့သင်ကြားပေးမှုတွေ ဆောင်ရွက်နိုင်ခဲ့တာတွေ့ရကြောင်း။

ထို့အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများတည်ထောင်ပြီး ဘွဲ့ကြို၊ ဘွဲ့လွန်လက်မှတ်ရသင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ပေးလျက်ရှိသလို ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရှေးဟောင်း မြန်မာစာပေရေးရာဌာန(ပေစာ၊ ပုရပိုက်၊ ကျောက်စာ)၊ ရာစုသစ်ဇီဝနည်းပညာဖွံ့ဖြိုးမှုဌာနစသည့် အဆင့်မြင့်လေ့လာသင်ယူနိုင်သည့် အခြေခံအဆောက်အအုံများ ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့သည်သာမက ယခုဆိုလျှင်အချို့သော မဟာသိပ္ပံဘွဲ့သင်တန်းများကို Web-Based Teaching System ခေါ်တဲ့ Online စနစ်ဖြင့် ပို့ချရန် စီစဉ်ဆောင်ရွက်နေတာလည်း တွေ့ရကြောင်း။

ကြိုးပမ်းဆောင်ရွက်နေ

ထို့ပြင် တက္ကသိုလ်များ သိပ္ပံသုတေသနဌာန၏ သုတေသနလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လက်တွေ့အသုံးချနိုင်သည့် အဆင့်အထိရောက်အောင် ကြိုးပမ်းဆောင်ရွက်နေတာလည်း တွေ့မြင်ရပြီဖြစ်ကြောင်း။

အရည်အသွေးမြင့်မားရေးနှင့် ပတ်သက်ပြီးသုံးသပ်ကြည့်မယ်ဆိုလျှင်လည်း ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများပြုပြင်မှုတွေ၊ မဟာသင်တန်းများ၊ မဟာသုတေသနသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများမှာ အရည်အသွေးမြင့်မားရေးစီစဉ်ဆောင်ရွက်မှုတွေ၊ သင်ကြားမှု၊ သင်ယူမှု အရည်အသွေးမြင့်မားရေးအတွက် စာအုပ်များဖြည့်တင်းပေးမှု၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြည့်တင်းမှု၊ ITပစ္စည်းများ ဖြည့်တင်းပေးမှုတွေ၊ နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာ ပညာရေးဆွေးနွေးပွဲများ ကျင်းပပေးမှုတွေ၊ ပြည်ပသုတေသနစာတမ်းဖတ်ပွဲများသို့ စေလွှတ်ပြီး စာတမ်းဖတ်ကြားစေမှုတွေ၊ နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းပြီး သုတေသန လုပ်ငန်းများဆောင်ရွက်မှုတွေ၊ နိုင်ငံတကာနှင့် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွေကို အသီးသီး အစီအရီ ဆောင်ရွက်လျက်ရှိတာတွေ့ရကြောင်း။

ထို့ပြင် ပညာရပ်အမျိုးမျိုး၊ ပညာရပ်ခွဲအသွယ်သွယ်မှာ ရွေးချယ်လေ့လာလိုက်စားနိုင်မှုအခွင့်အလမ်းများတိုးပွားလာစေရေးအတွက် ဘွဲ့ကြိုသင်တန်းများမှာ စိတ်ကြိုက်ရွေးချယ်မှု (Elective)စနစ်ကျင့်သုံးဆောင်ရွက်မှုတွေ၊ ဘွဲ့လွန်သင်တန်းများမှာ ပေါင်းစပ်ဘာသာရပ်အစီအစဉ်များသင်ကြားပေးမှုတွေ၊ ဒေသအလိုက် ဖွံ့ဖြိုးမှု သုတေသနလုပ်ငန်းများဆောင်ရွက်စေမှုတွေ၊ ဒေသအလိုက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မည့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့တာတွေ့ရကြောင်း။

မျက်ဝါးထင်ထင်တွေ့မြင်

ဤလုပ်ငန်းစဉ်များစနစ်တကျ စီမံဆောင်ရွက်အောင်မြင်ဖြစ်ထွန်းစေရေးအတွက်လည်း ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပညာရေးမြှင့်တင်မှုဆိုင်ရာ ဆွေးနွေးပွဲတွေ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများအတွက် ပညာရေးနှီးနှောဖလှယ်ပွဲတွေကို ပုံမှန်ကျင်းပပေးနိုင်ခဲ့တာကြောင့် ကျေကျေလည်လည် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ထူးခြားလေးနက်သော အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီဖြစ်ကြောင်း။

တက္ကသိုလ်များ၊ ကောလိပ်များ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလတွင် အသစ်ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ် ၁၃ ခု၊ အဆင့်မြှင့်ပေးခဲ့သည့် တက္ကသိုလ် ၁၇ ခု စုစုပေါင်း တက္ကသိုလ် ၃၀ အထိ တိုးချဲ့ ထူထောင်နိုင်ခဲ့တာတွေ့ရကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဝန်ကြီးဌာနအသီးသီးမှာ ယခုအချိန်ထိ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ ခု ဖွင့်လှစ်ပြီး အဆင့်မြင့်ပညာများသင်ကြားပေးနေပြီဖြစ်ကြောင်း။

ယခုလို တက္ကသိုလ်နှင့် ကောလိပ်များ တိုးပွားပေါ်ထွန်းလာမှု၊ ပညာရပ်ဆိုင်ရာ သင်တန်းများတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့မှုများကြောင့် အဆင့်မြင့်ပညာကဏ္ဍမှာ ၁၉၈၈ ခုနှစ်က ကျောင်းသူ ကျောင်းသား ၁၃၀၀၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် ကျောင်းသူ ကျောင်းသား ခြောက်သိန်းကျော်ရှိလာခဲ့ပြီဖြစ်သည့်အတွက် ပညာရေးအခွင့်အလမ်းများ ပိုမိုတိုးပွားလာခဲ့ပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရာတွင် ယခင်ဖြစ်တည်ပြီးသား တိုင်းနှင့် ပြည်နယ်အဆင့်နှင့် မလုံလောက်ဟု ယူဆသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုမှာ ကွက်လပ်လိုကျန်နေသေးသည့် နေရာဒေသများတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအဖြစ်သတ်မှတ်ပြီး တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် တစ်နိုင်ငံလုံးအပြန့်အနှံ့ ရှိကြသည့် တိုင်းရင်းသား လူငယ်လူရွယ် ကျောင်းသူကျောင်းသားများသည် မိမိတို့၏ နေရာဒေသအတွင်းမှာပင် အဆင့်မြင့်ပညာရပ်များကို သင်ယူဆည်းပူးနိုင်သည့် အခွင့်အလမ်းများ ရရှိပွင့်လင်းနေကြပြီဖြစ်ကြောင်း။

သင်ကြားပို့ချမှုအစီအစဉ်များအနေဖြင့်ကြည့်လျှင်လည်း တက္ကသိုလ်၊ ကောလိပ်များတွင် ၁၉၈၈ ခုနှစ်က ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်ကြားရေးအစီအစဉ် ၅၉ မျိုးသာရှိခဲ့ရာက ယခုဆိုလျှင် ပါရဂူဘွဲ့သင်တန်းများအပါအဝင် သင်ကြားရေးအစီအစဉ် ၁၅၇ မျိုးအထိ တိုးတက်ဖြစ်ထွန်းလာသည့်အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနပေါင်း ၄၀ မှာ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်း အမျိုးအစားပေါင်း ၁၆၀ နီးပါး ဖွင့်လှစ်သင်ကြားပေးနိုင်သည်ကို တွေ့ရကြောင်း။

တိုးချဲ့တပ်ဆင်

သင်ကြားမှု၊ သင်ယူမှုအရည်အသွေးတိုးတက်မြင့်မားရေးနှင့် နေရာဒေသနှင့် အချိန်အခါ အသက်အရွယ်ပညာအဆင့်အတန်းမရွေး ပညာဆက်လက် သင်ကြားနိုင်သည့် အခွင့်အလမ်းများတိုးပွားလာစေရေးအတွက် အဆင့်မြင့်ပညာ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၊ ကောလိပ်များတွင် ခေတ်မီသတင်းနှင့် ဆက်သွယ်ရေး ဆိုင်ရာ နည်းပညာအခြေခံသည့် သင်ကြားမှု၊သင်ယူမှုဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ ကွန်ပျူတာကွန်ရက်စနစ်တွေ တိုးချဲ့တပ်ဆင်ထူထောင်ထားပြီး ဖြစ်တာလည်း တွေ့ရကြောင်း။

ICTနည်းပညာကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်သည့် အခြေခံကောင်းများဖြစ်ထွန်းလျက်ရှိရာတွင် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှာ e-Learning Centre ၅၁ ခု၊ Computer Training Centre ၁၄၃ ခု၊ e-Eduation Resource Centre ၄၉ ခုနှင့် Multi-media Lecture Room များ၊ Conference Room များ၊ Computer Aided Language Lab များလည်း တည်ထောင်ထားပြီးဖြစ်ကြောင်း။

ထို့ပြင် ပညာရေးကဏ္ဍရှိ ဦးစီးဌာနများ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ စုစုပေါင်း ၅၆ နေရာမှာ VSAT Network များ တပ်ဆင်ထားပြီးဖြစ်သည့်အတွက် ယခုဆိုလျှင် e-mail,Internet,Intranet,Video Conferencing စနစ်များကို ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

အလေးထားစီမံဆောင်ရွက်

ယခုလိုအဆင့်မြင့်ပညာကဏ္ဍမှာ **"အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ"** ဆိုသည့် ရည်မှန်းချက်များ စနစ်ကျန ပီပြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းနေပြီဖြစ်သည့် အခြေအနေအချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းပြီး အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားပညာရည်မြင့်မားရေးအနှစ် (၃၀)နှစ်ရှည်စီမံကိန်းလုပ်ငန်းများ၊ မျှော်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဆက်လက်ပြီး အာရုံစူးစိုက်အလေးထား စီမံဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

ယနေ့အချိန်အခါလို လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် တွေ့ကြုံရမည့်စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေရေးနှင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို အနာဂတ်ကာလတိုင် ထိန်းသိမ်းဖော်ဆောင်မြှင့်တင်ပေးနိုင်စေရေးအတွက် အမျိုးသားပညာရေးလုပ်ငန်းစဉ်များချမှတ်ရာတွင် နယ်ပယ်ကဏ္ဍစုံမှာ ဖြန့်ကြက်ပြီး ခေတ်မီနည်းပညာရပ်များဖြင့် ချဉ်းကပ်ဖြေရှင်းနိုင်ရမှာဖြစ်သလို အမျိုးသားရေးအမြင်ဖြင့်လည်း ပြတ်သားစွာ ရှုမြင်နိုင်ရန် လိုအပ်ကြောင်း။

အားထုတ်ကြိုးပမ်း

အထူးသဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကိုအခြေခံပြီး ချမှတ်ထားသော အမျိုးသားရေးမူဝါဒများနှင့် အမျိုးသားရေးဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက်လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်သည့် ပညာရေးစနစ် ပီပီပြင်ပြင် ဆက်လက်တိုးတက်ဖြစ်ထွန်းနေစေရန်အတွက် ပညာရှင်ကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းစီမံဆောင်ရွက်ပေးကြပါဟု ပြောကြားလိုကြောင်း။

အမျိုးသားရေးကို အခြေခံသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို အခိုင်အမာတည်ဆောက်မထားနိုင်သမျှကာလပတ်လုံး မည်သည့်နိုင်ငံရေးစနစ်ကို ထူထောင်သည်ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်အာမခံနိုင်မှာမဟုတ်သည့်အတွက် အမျိုးသားရေးကိုရှေးရှုသော ပညာရေးအစီအမံများမှတစ်ဆင့် တည်ငြိမ်ခိုင်မာသော နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ကြရေးသည် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်ပဲဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်များသည် အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည်ဆိုသည့် သဘောထား ကို ပညာရှင်ကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက အလေးအနက်ခံယူထားကြရန်နှင့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ကျေပွန်စွာထမ်းရွက်

ယခုဆိုလျှင် အမျိုးသားညီလာခံကြီး စတင်ကျင်းပနေပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ကို စတင်အကောင်အထည်ဖော်ခြင်းဖြစ်တာကြောင့် နိုင်ငံတော်၏တည်ငြိမ်အေးချမ်းသော အနာဂတ်ကို မျှော်မှန်းလျက် ခိုင်မာသည့်အစိုးရတစ်ရပ်ပေါ်ထွန်းလာအောင် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စနစ်တကျတင်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင်ကျင်းပဆဲ အမျိုးသားညီလာခံကြီးက စတင်ပုံဖော်ပေးလိုက်မည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရမည့် အခြေခံမူများနှင့် အသေးစိတ်မူများကို တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ၊ ပါတီအဖွဲ့အစည်းပေါင်းစုံတို့က အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုများဖြင့် တူညီဆန္ဒများ ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်ရေးကို မျှော်မှန်းလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးကို ဦးတည်သော အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးမြောက်ရေးအတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးကလည်း မိမိတို့ကျရာတာဝန်ပိုင်းက ကျေပွန်စွာ ထမ်းရွက်ကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအလယ်မှာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းပကားဖြင့် ဖော်ဆောင်ပေးနိုင်စေဖို့ ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **နိုင်ငံတော်အတွင်း သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ထွန်းကားရေး၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံမှာ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးနှင့် အစဉ်အမြဲလေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရေးတို့အတွက် အမျိုးသားပညာရည်မြင့်မားရေးအနှစ်(၃၀) နှစ်ရှည်စီမံကိန်းကြီး၏ လုပ်ငန်းအဆင့်ဆင့်အောင်မြင်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သောအမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးမြောက်နိုင်ရေးအတွက် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ပညာရေးကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲကို ယနေ့မှစ၍ မေ ၂၃ရက် အထိ ကျင်းပမည်ဟု သိရသည်။

(သတင်းစဉ်)

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ ဘက်စုံသုံးဒီဂျစ်တယ်စနစ်တစ်စုံ လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့ Prime-Boss Co.,Ltd. မှ Digital Multifunctional System စက်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Prime-Boss Co.,Ltd. မှ ဥက္ကဋ္ဌ ဦးအေးသန့်က အဖွင့်အမှာစကား ပြောကြားပြီး Sharp-Roxy Sales (Singapore) Pte.Ltd. မှ Mr. Osamu Kobayashi က Sharp New Digital Multifunctional System အကြောင်းကိုသရုပ်ပြရှင်းလင်းသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးအေးသန့်က Digital Multifunctional System (ဘက်စုံသုံးဒီဂျစ်တယ် စနစ်တစ်စုံ) ကို ပေးအပ်လှူဒါန်းရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ အင်ဂျင်နီယာမှူး ဦးဉာဏ်ဝင်းအောင်က လက်ခံရယူသည်။ **(ယာပုံ)**

(က–ပ)

ဗွန်လထုတ် အိုင်ဒီယာ မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် မေ ၂၀

ဖေမြင့်၏ လူငယ်များအတွက် အတိုင်ပင်ခံ ပုဂ္ဂိုလ်ဘီလ်ဂရစ်ဖင်၊ စိုးသိဏ်း၏ ရော့ခ် ဂီတကို ပြန်လည်မွေးဖွားခြင်း၊ တာရာမင်းဝေ၏ တစ်ဝက်တစ်ပျက် အတ္တုပ္ပတ္တိ၊ နေဝင်းမြင့်၏ သိင်္ဂါရချော့စာ အပါအဝင် ခေတ်ပြိုင်လူငယ်တို့၏ အနုပညာ ရသနှင့် သုတများဖြင့် ထုံမွှမ်းခြယ်သထားသော ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ဖက်ရှင်၊ ဗေဒင် တို့ကို ဖော်ပြထားသော ၂၀၀၄ ခုနှစ် ဇွန်လထုတ် "idea"မဂ္ဂဇင်းကို အမှတ် ၁၂၇ မြေညီထပ် ၄၃ လမ်းက ဖြန့်ချိထားကြောင်း သိရသည်။

(က–ပ)



အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ ဆက်လက်ကျင်းပရာအခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမီအမျိုးသား ညီညွတ်ရေးအဖွဲ့၊ တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရ အဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသောအဖွဲ့အစည်းများ ဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက် (ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည် သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ ဘုရားကုန်းအထူးဒေသအဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့၊ ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ ညီလာခံကိုယ်စားလှယ်များသည် စုံညီအစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မ ရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ကြေညာ

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၂ ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၅၃ ရာခိုင်နှုန်းရှိသဖြင့် စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိကြီး၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကကဏ္ဍအလိုက် ဆက်လက် ရှင်းလင်းတင်ပြရာတွင် ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသောပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က **"လူမှုရေးကဏ္ဍ"** ကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေးက **"စီမံခန့်ခွဲရေးကဏ္ဍ"**ကို ရှင်းလင်းတင်ပြပြီး ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များကို သီးခြားဖော်ပြထားပါသည်။)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ပန်းတိုင်လက်တွဲထားကြစို့

❒ စံပယ်ကြက်ရုန်း၊ ဂမုန်းခတ္တာ
ဇီဇဝါနှင့်၊ နံ့သာဒေါန
ပန်းသစ်ခွပြင်၊ သော်က နှင်းဆီ
စုံအညီပွင့်၊ သွေးစုံတင့်၍
ရှုချင့်ဖွယ်ရာ၊ ရောင်စုံဖြာသည့်
သာယာငြိမ်းအေး၊ ဥယျာဉ်လေး။

ဤဥယျာဉ်သည်၊ ပန်းစုံညီဖြင့်
နှင်းဆီတစ်သွယ်၊ စံပယ်တစ်သွေး
မြတ်လေးတစ်ဖြာ၊ ခတ္တာတစ်နှုန်း
ဂမုန်းတစ်ဝ၊ သစ်ခွတစ်ဖုံ
ရှိနေတုံလည်း၊ ရောင်စုံမျှတ
မခွဲကြဘဲ၊ လှပမှုများ
စုစည်းထားလျက်၊ သူကားတခြား
ငါကားတစ်ထွေ၊ မရှိချေခဲ့
ရေမြေအတူ၊ နေကြမှုကြောင့်
အယူအဆ၊ ညီညွတ်မျှ၍
သော်ကလည်းလှ၊ ဒေါနလည်းမွှေး
မြတ်လေးလည်းယဉ်၊ သဇင်လည်းသင်း
နှင်းဆီလည်းထယ်(ထည်)၊ စံပယ်လည်းမျှ
ကိုယ်စီလှ၍၊ နှမမောင်ရင်း
ဒို့သားချင်းဟု၊ ရိုင်းပင်းစိတ်ထား
ညှိနှိုင်းအားဖြင့်၊ ခွဲခြားမရ
ပန်းတိုင်းလှသည့်၊ သာစွနှိုင်းယှဉ်
နတ်ဥယျာဉ်သို့၊ ထင်ယောင်မိကြ
တင့်လွန်းစွ။

❒ ညော်–စည်းလုံးခြင်းသာ၊ ခွန်အားပါမို့
သူငါခွဲခြား၊ သပ်လျှိုကြားလည်း
ဒို့ကားမကွဲ၊ လက်ချင်းတွဲ၍
ခိုင်မြဲစိတ်ဓာတ်၊ ရင်မှာအပ်ပြီး
မြင့်မြတ်နှလုံးသား၊ မှန်တရားတွင်
ပန်းများပေါင်းစုံ၊ ညီညွတ်ဂုဏ်ဖြင့်
နတ်ဘုံအလား၊ ဘယ်မခြားအောင်
"ဒို့သွားမည့်လမ်း၊ ဒို့ဖောက်စမ်းဟော့"
"ဒို့လျှောက်မည့်လမ်း၊ ဒို့ရွေးစမ်းဟော့"
ကြမ်းတမ်းပေငြား၊ တွန့်မသွားဘဲ
ဒို့များဥယျာဉ်၊ မြဲစည်ပင်ပြီး
ဥယျာဉ်သမိုင်း၊ ဘယ်မရိုင်းအောင်
ပန်းတိုင် လက်တွဲထားကြစို့။
လမ်းအတိုင်း တစ်သက်မခွဲသွားကြစို့။ ။

ရန်နိုင်ဦး

21-5 (7).p65 1 03/24/1905, 9:16 PM

ကျန်းမာရေးကိစ္စများဆောင်ရွက်ရာတွင်ပြည်သူ့အကျိုးရှေးရှု နိုင်ငံတစ်ဝန်းတူညီသောသတ်မှတ်ချက်ထားရှိရန်လိုအပ် စံချိန်စံညွှန်းများတစ်နိုင်ငံလုံးတစ်ပြေးညီရှိမှသာ စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်

● *ရှေ့ဖုံးမှ*

သဘာပတိကြီးခင်ဗျား–

ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြမှာကတော့ ပြည်ထောင်စု ဥပဒေပြု အဖွဲ့အစည်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုအဖွဲ့အစည်းတွေက ဥပဒေပြု အာဏာခွဲဝေကျင့်သုံးကြရာမှာ လူမှုရေးကဏ္ဍနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာများအနက် ဘယ်အကြောင်းအရာတွေနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာတွေကို ပြည်ထောင်စုဥပဒေပြုအဖွဲ့အစည်းများအား ခွဲဝေပေးပြီး ဘယ်အကြောင်းအရာတွေနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာတွေကိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်းများအား ခွဲဝေပေးရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို တင်ပြမှာဖြစ်ပါတယ်။

လူမှုရေးကဏ္ဍမှာ အကျုံးဝင်တဲ့ အကြောင်းအရာများကတော့ အဓိကအားဖြင့် ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများနဲ့ အလုပ်သမားရေးဆိုင်ရာလုပ်ငန်းများ စသည်တို့ဖြစ်ပါတယ်။

ပညာရေးဆိုင်ရာလုပ်ငန်းများနဲ့ စပ်လျဉ်းတဲ့ ကိစ္စရပ်တွေကတော့ ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်း၊ စီမံချက်နဲ့စံများ သတ်မှတ်ပေးရေးကိစ္စရပ်များ၊ ပြည်ထောင်စုကသတ်မှတ်တဲ့ စာမေးပွဲများနဲ့ဆိုင်တဲ့ကိစ္စရပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစတဲ့ သင်တန်းများနဲ့ အဆင့်မြင့်ပညာအခြားအဖွဲ့အစည်းများ ဆိုင်ရာကိစ္စများ၊ အခြေခံပညာ အစိုးရကျောင်းများဆိုင်ရာ ကိစ္စရပ်များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်ပိုင်ကျောင်းများနဲ့ သင်တန်းများဆိုင်ရာ ကိစ္စရပ်များ စသည်တို့ ဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာလုပ်ငန်းများနဲ့ စပ်လျဉ်းတဲ့ ကိစ္စတွေဟာဆိုရင် အမျိုးသားကျန်းမာရေး၊ ကုသိုလ်ဖြစ်ဆေးရုံများနဲ့ ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာကိစ္စများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် ဆေးရုံများဆိုင်ရာ ကိစ္စများ၊ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနဲ့ အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး ဆိုင်ရာကိစ္စများ၊ တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနဲ့ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းမှတ်ပုံတင်ရေးဆိုင်ရာ ကိစ္စများစသည်တို့ဖြစ်ပါတယ်။

လူမှုရေးဆိုင်ရာ လုပ်ငန်းများဟာဆိုရင် အလွန်တရာမြားမြောင်ကျယ်ပြန့်တဲ့ လုပ်ငန်းရပ်များဖြစ်ပြီး အဲဒီလုပ်ငန်းတွေထဲမှာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆိုင်ရာကိစ္စများ၊ ကြက်ခြေနီလုပ်ငန်းဆိုင်ရာကိစ္စများ၊ လူမှုဝန်ထမ်းဆိုင်ရာလုပ်ငန်းများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေးဆိုင်ရာကိစ္စများ၊ ကယ်ဆယ်ရေးနဲ့ ပြန်လယ်ထူထောင်ရေးဆိုင်ရာကိစ္စများ၊ မီးသတ်တပ်ဖွဲ့နဲ့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စများ စတာတွေဖြစ်ပါတယ်။

အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းများဟာဆိုရင် အလုပ်သမားများရဲ့ အလုပ်လုပ်ချိန်၊ အလုပ်နားချိန်၊ အလုပ်ပိတ်ရက်ဆိုင်ရာ ကိစ္စများ၊ ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ ကိစ္စများ၊ လူမှုဖူလုံရေးဆိုင်ရာကိစ္စများ၊ ဝါဏိဇ္ဇပဋိပက္ခဆိုင်ရာ ကိစ္စများ၊ အလုပ်သမားအဖွဲ့အစည်းများဆိုင်ရာကိစ္စများ စတာတွေ ဖြစ်ပါတယ်။ ဒါ့အပြင် လူမှုရေးကဏ္ဍမှာ အကျုံးဝင်တဲ့ အခြားအကြောင်းအရာတွေကတော့ အမျိုးသားအားကစားဆိုင်ရာကိစ္စများ၊ စာပေ၊သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာကိစ္စများ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံများ ဖွင့်လှစ်ပြသခြင်းဆိုင်ရာကိစ္စများ၊ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုစတဲ့ ပြပွဲများပြုလုပ်ခြင်းဆိုင်ရာကိစ္စများ၊ ပြည်ထောင်စုကစီမံခန့်ခွဲတဲ့ ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ လုပ်ငန်းများ၊ ပြတိုက်များ၊ စာကြည့်တိုက်များဆိုင်ရာ ကိစ္စများနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများ၊ ပြတိုက်နဲ့ စာကြည့်တိုက်များဆိုင်ရာကိစ္စများ စတာတွေဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ညီလာခံကိုယ်စားလှယ်ကြီးများ သိရှိကြပြီးဖြစ်တဲ့အတိုင်း အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့် မူတွေအရ ပြည်ထောင်စုအဆင့်မှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုတဲ့ ဥပဒေပြု အဖွဲ့အစည်းများရှိမှာဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှာတော့ တိုင်းဒေသကြီး လွှတ်တော်များနဲ့ ပြည်နယ်လွှတ်တော်များ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အဲဒီတိုင်းဒေသကြီးများနဲ့ ပြည်နယ်လွှတ်တော်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က “လူမှုရေးကဏ္ဍ”ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

များဟာလည်း အဆင့်တူညီကြမှာ ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် ဥပဒေပြု အဖွဲ့အစည်းတွေကို ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရာမှာ တူညီတဲ့ဥပဒေပြုခွင့်အာဏာများ ရှိကြမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ စပ်လျဉ်းတဲ့ အခြေခံမူတွေကတော့–

- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်၊**
- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်၊**
- **နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မည်၊**
- **နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ဖော်ဆောင်မည်**

တို့ဖြစ်ပါတယ်။

ယခုအခါ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံကြီးများကို လေ့လာမယ်ဆိုရင် အဲဒီနိုင်ငံကြီးတွေမှာ သိပ္ပံပညာရပ်နှင့် ဝိဇ္ဇာပညာရပ်များ အံ့မခန်းတိုးတက်ဖြစ်ထွန်းနေတာကို ညီလာခံကိုယ်စားလှယ်ကြီးများ သိရှိကြပြီးဖြစ်ပါတယ်။ အဲဒီလို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ရပ် ဖြစ်လာနိုင်အောင် မိမိနိုင်ငံအနေနဲ့လည်း ဝိဇ္ဇာပညာရပ်နဲ့ သိပ္ပံပညာရပ်များ တိုးတက်ဖြစ်ထွန်းနေတဲ့ နိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုရင်ပေါင်တန်းလိုက်နိုင်ဖို့ တစ်မျိုးသားလုံး ပညာရည်တိုးတက်မြင့်မားရေး၊ ဘက်စုံပညာရည်ထူးချွန်စေရေးနဲ့ တစ်မျိုးသားလုံးရဲ့ စိတ်ဓာတ်၊ အကျင့်စာရိတ္တမြင့်မားရေး စတဲ့ခိုင်မာတဲ့ ဦးတည်ချက်များ ထားရှိဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာရည်မြင့်မားရေးနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၅ခုနှစ် (၇၅)ကြိမ်မြောက် အမျိုးသားနေ့သို့ ပေးပို့ခဲ့တဲ့ သဝဏ်လွှာမှာ **“နိုင်ငံသားတို့ ဘဝ ကြီးပွားချမ်းသာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်မှာ နိုင်ငံသားတို့ ပညာတတ်မြောက်ရေး၊ ပညာထူးချွန်ရေး၊ အသိအမြင်ပွင့်လင်းရေးတို့သည် ပဓာနကျသော အကြောင်းတရားပင်ဖြစ်ကြောင်း”** လမ်းညွှန်ဖော်ပြထားပါတယ်။

နိုင်ငံတော်ရဲ့ ပညာရေးဆိုင်ရာ လုပ်ငန်းများဟာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူပြည်သားအားလုံးတို့နဲ့ တိုက်ရိုက်သက်ဆိုင်လျက် ရှိပါတယ်။ ပညာရေးဆိုင်ရာလုပ်ငန်းများနဲ့ အကျုံးဝင်တဲ့ စာသင်ကျောင်းများ၊ သိပ္ပံများ၊ ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များ စတာတွေဟာ မြန်မာနိုင်ငံအတွင်း ပြည်နယ်နဲ့ တိုင်းများမှာ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ အဲဒီလို တက္ကသိုလ်၊ ဒီဂရီကောလိပ်အစရှိတဲ့ သင်တန်းများနဲ့ အဆင့်မြင့်ပညာရေးဆိုင်ရာ အခြားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရေးကိစ္စများ၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ် သတ်မှတ်ပေးရေးကိစ္စများ၊ ပညာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စများ၊ ပညာရေးဆိုင်ရာစီမံကိန်း၊ စီမံချက်နှင့် စံများသတ်မှတ်ပေးရေးကိစ္စများ၊ ပြည်ထောင်စုက သတ်မှတ်တဲ့ စာမေးပွဲများ စတဲ့ကိစ္စများကို ဆောင်ရွက်တဲ့အခါမှာ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တစ်ပြေးညီထားရှိဆောင်ရွက်စေခြင်းအားဖြင့် နိုင်ငံအဝန်း နေရာဒေသကွဲပြားခြားနားမှုမရှိစေဘဲ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ အဆင့်မြင့်ပညာရေးစနစ်ကို တစ်ပြိုင်နက်တည်း ပေါ်ထွန်းလာအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်က တာဝန်ယူဖွင့်လှစ်ထားတဲ့ အစိုးရကျောင်းများအပြင် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများကိုလည်း ဥပဒေနဲ့အညီ ဖွင့်လှစ်ခွင့်ပေးခဲ့ပါတယ်။ အဲဒီပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခွင့်ပေးရာမှာ မလိုလားအပ်တဲ့ကိစ္စများ မပေါ်ပေါက်စေဖို့ ကိုယ်ပိုင်ကျောင်းများ၊ ကိုယ်ပိုင်သင်တန်းများ ထားရှိရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ရာမှာလည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စနစ်တကျတစ်ပြေးညီထားရှိဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက် ဒီကိစ္စများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုပြဋ္ဌာန်းပေးဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြမယ့် အကြောင်းအရာကတော့ လူမှုရေးကဏ္ဍမှာအကျုံးဝင်တဲ့ အမျိုးသားအားကစားဆိုင်ရာကိစ္စ ဖြစ်ပါတယ်။ နိုင်ငံတော်ကချမှတ်ထားတဲ့ လူမှုရေးဦးတည်ချက်များအနက် လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားအားကစားကို နိုင်ငံတကာအဆင့်ရောက်အောင် ဘက်စုံထောင့်စုံက တိုးတက်မြင့်မားအောင်ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ အဲဒီလို အမျိုးသားအားကစားရေးဆိုင်ရာလုပ်ငန်းတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ စီမံကိန်းများ ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အားကစားဆိုရာမှာလည်း နိုင်ငံတကာကလက်ခံကျင့်သုံးနေတဲ့ အားကစားနည်းများရှိသလို မြန်မာ့ရိုးရာအားကစားနည်းများရှိတာကို ကိုယ်စားလှယ်ကြီးများ သိရှိပြီးဖြစ်ပါတယ်။ အဲဒီအားကစားနည်းများကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေပြီး ထူးချွန်ပြောင်မြောက်တဲ့ အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိကျမှန်ကန်တဲ့နည်းစနစ်များသတ်မှတ်ရေး၊ မှန်ကန်သောနည်းစနစ်များနဲ့အညီ အားကစားသမားများအား လေ့ကျင့်ပညာပေးရေး၊ နိုင်ငံတကာအတွေ့အကြုံရရှိစေရန်ဆောင်ရွက်ပေးရေးများကို စီစဉ်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အားကစားပြိုင်ပွဲများပြုလုပ်ကြရာမှာလည်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အခြားနိုင်ငံများမှ အားကစားအဖွဲ့များနဲ့ မိမိတို့နိုင်ငံမှအားကစားအဖွဲ့များ ဖိတ်ခေါ်ယှဉ်ပြိုင်ခြင်း၊ ချစ်ကြည်ရေး အားကစားပွဲကျင်းပခြင်းများရှိကြသလို မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အားလျော်စွာ အိုလံပစ်အားကစားပြိုင်ပွဲများမှာလည်း သွားရောက်ပါဝင်ယှဉ်ပြိုင်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်းမှာလည်း နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်အားကစားပြိုင်ပွဲများ၊ ခရိုင်အဆင့်အားကစားပြိုင်ပွဲများ၊ မြို့နယ်အဆင့်အားကစားပြိုင်ပွဲများ ရှိကြပါတယ်။ အဲဒီလို အားကစားလုပ်ငန်းများ၊ နည်းစနစ်များ အဆင့်မြင့်မားစေရေး၊ ကမ္ဘာနဲ့ရင်ပေါင်တန်းလိုက်နိုင်စေရေး **“မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်”**ဆိုတဲ့ဆောင်ပုဒ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးတို့အတွက် အမျိုးသားအားကစားလုပ်ငန်းများကို ဆောင်ရွက်ကြရာမှာ နိုင်ငံတော်အတွင်း ဒေသအားလုံးမှာ တစ်ပြေးညီရှိစေဖို့ အထူးလိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် **“အမျိုးသားအားကစား”**ဆိုင်ရာကိစ္စရပ်များနဲ့စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်တဲ့အခါမှာ နိုင်ငံသားတွေရဲ့ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာရည်တိုးတက်မြင့်မားဖို့ လိုအပ်သလို တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ဖို့လည်း အထူးလိုအပ်လှပါတယ်။ တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်ရာမှာ အရှိန်အဟုန်နဲ့တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားတဲ့အခါမှာ အမျိုးသားကျန်းမာရေးဆိုင်ရာကိစ္စများဖြစ်တဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးအတွက် ရောဂါများကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနဲ့ ကျန်းမာမှုပြန်လည်ထူထောင်ရေး၊ အရည်အချင်းပြည့်မီတဲ့ ဆရာဝန်များ၊ သူနာပြုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာ ရရှိနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးရေး၊ ပြည်သူအများကျန်းမာရေးဗဟုသုတ ရရှိစေရေး၊ ကျန်းမာရေးဆိုင်ရာအဆင့်မြင့်သုတေသနများပြုလုပ်ရေး အစရှိတဲ့ လုပ်ငန်းများကိုဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်နိုင်မှသာ ထိရောက်အောင်မြင်မှုရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကျန်းမာရေးဆိုင်ရာကိစ္စများနဲ့ဆက်နွှယ်နေတဲ့ ကုသိုလ်ဖြစ်ဆေးရုံများနဲ့ ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများကို နိုင်ငံတော်အတွင်းမှာ ဒေသမရွေးဖွင့်လှစ်ဆောင်ရွက်ခွင့် ရှိကြမှာဖြစ်ပါတယ်။ အဲဒီလို ဖွင့်လှစ်ဆောင်ရွက်ကြတဲ့အခါမှာ အဲဒီဆေးရုံ၊ ဆေးခန်းများနဲ့စပ်လျဉ်းပြီး အများပြည်သူအကျိုးရှေးရှုဆောင်ရွက်နိုင်ဖို့နဲ့ အဲဒီလိုဆောင်ရွက်ရာမှာ စည်းစနစ်ကျနစေဖို့ နိုင်ငံအဝန်းမှာ အတတ်နိုင်ဆုံး တူညီတဲ့သတ်မှတ်ချက်များ ထားရှိဆောင်ရွက်ပေးဖို့လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေဖို့အတွက် အမျိုးသားကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဖြစ်တဲ့ ရောဂါများဖော်ထုတ်ရှာဖွေရေးကိစ္စမှာလည်းကောင်း၊ ရောဂါများမဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ရေးကိစ္စများမှာလည်းကောင်း၊ ရောဂါ

ဆောင်ရွက်လျက်ရှိပါတယ်။ တိမ်မြုပ်နေတဲ့ တိုင်းရင်းဆေးများ၊ ကုထုံးများကိုလည်း နိုင်ငံတော်က ဖော်ထုတ်လျက်ရှိနေပါတယ်။ အစွမ်းထက်မြက်သော တိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှုမရှိစေရေး၊ တိုင်းရင်းဆေးဝါးများ ဖော်ထုတ်ရာမှာ လိုအပ်တဲ့ဆေးဖက်ဝင် ပရဆေးပင်များ စနစ်တကျ စိုက်ပျိုးရေး၊ တိုင်းရင်းဆေးပညာရှင်များ တိုးတက်ပွားများစေရေး၊ တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေးများ စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးများကို စနစ်တကျ ဖော်ထုတ်သုံးစွဲနိုင်ရေး၊ ခေတ်မီအဆင့်မြင့် တိုင်းရင်းဆေးဝါးများနဲ့ ဆေးပညာများ၊ ကုထုံးများဖော်ထုတ်ရေး၊ တိုင်းရင်းဆေးနဲ့ ဆေးပညာနဲ့ စပ်လျဉ်းပြီး နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းဖော်ထုတ်ရေး စတဲ့လုပ်ငန်းတွေကို စနစ်တကျ စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းအားဖြင့် တိုင်းရင်းဆေးပညာဆိုင်ရာနဲ့ တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဟာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး

အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်က “လူမှုရေးကဏ္ဍ”ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်လာမှာ ဖြစ်ပါတယ်။ အဲဒီကိစ္စတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ နိုင်ငံအဝန်း တစ်ပြေးညီအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိမှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

– နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့များ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား စောင့်ရှောက်ရမည်။

ဟု အခြေခံမူချမှတ်ထားရှိပြီး လူငယ်များနှင့်စပ်လျဉ်း၍–

– နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မည်

ဟု အခြေခံမူများ ချမှတ်ထားပါတယ်။

ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူများနဲ့အညီ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေးကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်က ဆောင်ရွက်ပေးတဲ့အခါ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတစ်ဝန်းမှာ တန်းတူညီမျှတဲ့ အခွင့်အရေးများရရှိအောင်ဆောင်ရွက်ပေးဖို့ အထူးလိုအပ်တဲ့အပြင် ကျွန်တော်တို့ နိုင်ငံဟာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်မှာလည်းပါဝင်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အားလျော်စွာ အဲဒီစာချုပ်မှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ လက်ခံသဘောတူထားတဲ့ အချက်အလက်များနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်ရမယ့်ကိစ္စများလည်း ရှိမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာလည်း အခြားနိုင်ငံများနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့လိုအပ်ရင် ဆက်သွယ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါ့အပြင်ဆိုးသွမ်းလူငယ်များကို ပြုပြင်ထိန်းသိမ်းရေးကိစ္စ၊ အဲဒီဆိုးသွမ်းလူငယ်များ ပပျောက်အောင် ဆောင်ရွက်ရေးကိစ္စ၊ ခိုကိုးရာမဲ့ အမျိုးသမီးများအား ကူညီစောင့်ရှောက်ရေးကိစ္စ၊ ယင်းတို့ရဲ့ဘဝကို ပြန်လည်တည်ဆောက်နိုင်ရေးအတွက်လိုအပ်တဲ့အစီအမံများ ပြုလုပ်ရေးကိစ္စအစရှိတဲ့ ကိစ္စအဝဝများနဲ့စပ်လျဉ်းလို့လည်း နိုင်ငံတော် အနေနဲ့ ဆောင်ရွက်ပေးတဲ့အခါမှာ ကျွန်တော်စောစောက ရှင်းလင်းတင်ပြထားခဲ့သလို လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတစ်ဝန်းလုံး တူညီမျှတတဲ့ အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် **“ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီး ရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး”**ဆိုင်ရာကိစ္စများနဲ့ စပ်လျဉ်းလို့ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံအဝန်းမှာရှိတဲ့ မိခင်နှင့်ကလေးများရဲ့ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှု လုပ်ငန်းများဟာဆိုရင် အမျိုးသားကျန်းမာရေးမှာအရေးပါတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ဖို့နဲ့ မိခင်နှင့်ကလေးများ ကျန်းမာရေးစောင့်ရှောက်ရေးနဲ့စပ်လျဉ်းတဲ့ အခြေခံပညာရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးဖို့လိုအပ်တဲ့ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ အထောက်အပံ့တွေ၊ အကူအညီတွေ ပေးနိုင်အောင် နိုင်ငံအတွင်းမှာ မိခင်နှင့်ကလေးများစောင့်ရှောက်ရေးအသင်းတွေကို ဗဟိုအဆင့်နဲ့ တိုင်း၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်တွေမှာ ဥပဒေစည်းကမ်းသတ်မှတ်ချက်များနဲ့အညီ စနစ်တကျဖွဲ့စည်းထားရှိပြီး မိခင်နှင့်ကလေးများ စောင့်ရှောက်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီ မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းတွေဟာဆိုရင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများလည်း ဖြစ်ကြပါတယ်။ ဒီအဖွဲ့အစည်းတွေကိုဖွဲ့စည်းပြီး မိခင်နှင့်ကလေးများရဲ့ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးဆိုင်ရာလုပ်ငန်းများနဲ့ အခြားလူမှုရေးဆိုင်ရာလုပ်ငန်းတွေကို ဆောင်ရွက်ပေးတဲ့နေရာမှာ နိုင်ငံတော်အတွင်း နေရာဒေသမရွေး ညီမျှတဲ့ အခွင့်အရေးများရရှိဖို့လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် **“မိခင်နှင့်ကလေးစောင့်ရှောက်ရေး”**ဆိုင်ရာကိစ္စများနဲ့ စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လူမှုရေးဆိုင်ရာလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ ကြက်ခြေနီလုပ်ငန်းဟာဆိုရင်လည်း နိုင်ငံတော်အတွင်း ဗဟိုအဆင့်မှ ရပ်ကွက်နှင့် ကျေးရွာအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ မီးဘေး၊ ရေဘေး၊ လေဘေးစတဲ့ သဘာဝဘေးအန္တရာယ်များ ကျရောက်တဲ့အခါ ဒုက္ခနဲ့ကြုံတွေ့ရတဲ့ ပြည်သူတွေကို ကြက်ခြေနီတပ်ဖွဲ့ဝင်တွေအနေနဲ့ မိမိတို့နိုင်စွမ်းသမျှ ကြင်နာစိတ်အပြည့်အဝနဲ့ အကူအညီပေးကြတာ မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ ဒါ့အပြင် ကြက်ခြေနီတပ်ဖွဲ့ဝင်များဟာ အားကစားပြိုင်ပွဲများမှာလည်းကောင်း၊ အခါအားလျော်စွာ

မိခင်နှင့်ကလေးများအား ကူညီစောင့်ရှောက်မှုလုပ်ငန်းသည် အမျိုးသားကျန်းမာရေးတွင် အရေးပါသည့်လုပ်ငန်းဖြစ်

ကျန်းမာရေးနှင့် လူမှုရေး အကူအညီပေးနိုင်အောင် စောင့်ရှောက်ရေးလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်

များကိုပျောက်ကင်းအောင် ကုသရေးကိစ္စများမှာလည်းကောင်း စီမံကိန်းများ သေချာစွာရေးဆွဲချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ ထိရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ထိရောက်အောင်မြင်အောင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တညီတညွတ်တည်းဆောင်ရွက်ပေးဖို့ အထူးလိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အမျိုးသားကျန်းမာရေးကို တိုးတက်မြင့်မားအောင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့တစ်တွေ နေ့စဉ်စားသုံးနေတဲ့အစားအသောက်များ၊ သုံးစွဲနေတဲ့ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စတဲ့ ပစ္စည်းများဟာ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး စံချိန်စံညွှန်းနဲ့ ညီညွတ်ဖို့လိုအပ်သလို အတုအပများနဲ့ ရောနှောထုတ်လုပ်ရောင်းချခြင်း၊ သက်တမ်းကုန်ဆုံးသော ပစ္စည်းများ ရောင်းချခြင်းမပြုနိုင်အောင် လိုအပ်တဲ့အကာအကွယ်များ ပြုလုပ်ထားရှိဖို့လည်း လိုအပ်ပါတယ်။ အမျိုးသားကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းလို့ ဆောင်ရွက်တဲ့အခါ ကျွန်တော်စောစောက တင်ပြခဲ့တဲ့အတိုင်း စီမံကိန်းများချမှတ်ပြီး စနစ်တကျဆောင်ရွက်ဖို့နဲ့ အဲဒီလိုစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်တဲ့အခါမှာ အဆင့်ဆင့်ဆက်သွယ်ရမယ့် နည်းလမ်းများ၊ အကောင်အထည်ဖော်ရမယ့် နည်းစနစ်များ၊ သတ်မှတ်ထားရှိမယ့် စံချိန်စံညွှန်းများဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြေးညီရှိမှသာ စီမံကိန်းများကို ချောမောသွက်လက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့အားလျော်စွာ ကုလသမဂ္ဂရဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာလည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တာကြောင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနဲ့ စပ်လျဉ်းလို့ လိုအပ်ရင်လိုအပ်သလို နိုင်ငံတကာနဲ့ဆက်သွယ်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ အမျိုးသားကျန်းမာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်တဲ့အခါ နိုင်ငံတော်အတွင်း တစ်ပြေးညီဆောင်ရွက်ဖို့ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယခုဆက်လက်ပြီး တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေးကိစ္စနဲ့ စပ်လျဉ်းပြီးရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အခုအခါ နိုင်ငံတော်မှာ အနောက်တိုင်းဆေးပညာကိုသာ မှီခိုအားထားခြင်းမပြုဘဲ တိုင်းရင်းဆေးပညာကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က အထူးဂရုပြု

ဒါကြောင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များဖြစ်တဲ့ (၁)အမျိုးသားကျန်းမာရေး၊ (၂)တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊ (၃)ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊ (၄)အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပ ရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး စတဲ့ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု ဥပဒေပြု စာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်ဆက်လက်ပြီး ရှင်းလင်းတင်ပြမှာကတော့ လူမှုရေးကဏ္ဍမှာ အကျုံးဝင်တဲ့ အခြားအကြောင်းအရာများဖြစ်တဲ့ မိခင်နှင့်ကလေးများ စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကြက်ခြေနီလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ၊ မီးသတ်တပ်ဖွဲ့ဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံအများအပြားရဲ့ အခြေခံဥပဒေတွေကို လေ့လာတဲ့အခါ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေးနဲ့စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များ၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များစတဲ့ လူမှုဝန်ထမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါရှိကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း ငယ်ရွယ်သူများကို နိုင်ငံတော်က အထူးဂရုပြုပြီး ယင်းတို့၏ ပညာသင်ကြားရေးကို အားပေးရန်နှင့် နိုင်ငံသားတိုင်း အိုမင်းမစွမ်းဖြစ်သည့်အခါတွင်ဖြစ်စေ၊ နာဖျားမကျန်းဖြစ်သည့်အခါတွင်ဖြစ်စေ၊ အလုပ် လုပ်ကိုင်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ထောက်ပံ့ရန် ပြဋ္ဌာန်းချက်များပါရှိခဲ့ပါတယ်။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများမှာလည်း မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနဲ့ စပ်လျဉ်းပြီး–

ကျင်းပတဲ့ ပွဲလမ်းသဘင်များမှာလည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းများမှာလည်းကောင်း လိုအပ်သလို ပါဝင်ကူညီကြပါတယ်။ ကြက်ခြေနီလုပ်ငန်းမှာ အဓိကလုပ်ငန်းတစ်ရပ်လို့ဆိုရမယ့် ရှေးဦးသူနာပြုလုပ်ငန်းကို ကြက်ခြေနီတပ်ဖွဲ့ဝင်တိုင်း တတ်ကျွမ်းနားလည်ဖို့ အထူးလိုအပ်ပါတယ်။ အဲဒီရှေးဦးသူနာပြုစုနည်းကိုလည်း ကြက်ခြေနီတပ်ဖွဲ့ဝင်များကို နိုင်ငံတစ်ဝန်းလုံး အခါအားလျော်စွာ စနစ်တကျ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များကို မွေးထုတ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကြက်ခြေနီဆိုင်ရာကိစ္စများဟာဆိုရင် လူမှုရေးလုပ်ငန်းအများအပြားနဲ့အကျုံးဝင်နေတဲ့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့လည်း နိုင်ငံတကာကြက်ခြေနီ အသင်းနဲ့ အခါ အားလျော်စွာဆက်သွယ်ပြီး အခြားနိုင်ငံများက ကြက်ခြေနီတပ်ဖွဲ့ဝင်များကို မိမိတို့နိုင်ငံသို့လာရောက်လေ့လာစေခြင်း၊ မိမိနိုင်ငံက သင့်လျော်သော ကြက်ခြေနီအဖွဲ့အစည်းဝင်များကို အခြားနိုင်ငံသို့စေလွှတ် လေ့လာစေခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ကြက်ခြေနီဆိုင်ရာလုပ်ငန်းဆောင်တာများကိုဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံအတွင်းရှိ ဒေသအသီးသီးမှာဖွဲ့စည်းထားတဲ့ ကြက်ခြေနီအဖွဲ့အစည်းတွေဟာ တူညီသောအခွင့်အရေးများရရှိစေသင့်တဲ့အပြင် လုပ်ငန်းတာဝန်များကိုဆောင်ရွက်တဲ့နေရာမှာလည်း ညီညွတ်မှုရှိစေသင့်တဲ့အတွက် **“ကြက်ခြေနီအသင်း”**များဆိုင်ရာကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လူမှုရေးဆိုင်ရာလုပ်ငန်းများကို ပါဝင်ဆောင်ရွက်တဲ့အဖွဲ့အစည်းများထဲမှာ မီးသတ်တပ်ဖွဲ့များလည်းပါရှိပါတယ်။ မီးသတ်တပ်ဖွဲ့ဆိုရာမှာလည်း မီးသတ် ဝန်ထမ်းများနဲ့ဖွဲ့စည်းထားတဲ့မီးသတ်တပ်ဖွဲ့အပြင် မီးသတ်ဦးစီးဌာနကဖွဲ့စည်းတည်ထောင်ပေးတဲ့ အရန်မီးသတ်တပ်ဖွဲ့ဖြစ်တဲ့ စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့များ၊ စက်ရုံအလုပ်ရုံ လုပ်ငန်းဌာနနဲ့ မီးဘေးစိုးရိမ်ရတဲ့လုပ်ငန်းတွေမှာ မီးသတ်ဦးစီးဌာနရဲ့ခွင့်ပြုချက်ရယူပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ သီးသန့် မီးသတ်တပ်ဖွဲ့များလည်းပါရှိပါတယ်။ အဲဒီမီးသတ်တပ်ဖွဲ့တွေဟာ မီးဘေးအန္တရာယ်ကျရောက်တဲ့အခါမှာ နှိမ်နင်း ကာကွယ်ကြတဲ့လုပ်ငန်းသာမက သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ်၊ ဒါမှမဟုတ်အခြားရုတ်တရက် ဖြစ်ပွားတဲ့ ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်တဲ့အခါမှာ တားဆီးရေး၊ ငြိမ်းသတ်ရေး၊ ကယ်ဆယ်ရေးတို့အတွက် ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြရပါတယ်။ ဒါ့အပြင် အဲဒီအန္တရာယ်အမျိုးမျိုးကျရောက်တဲ့အခါမှာ ပြည်သူတွေပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိစေရေးအတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရပါတယ်။ ဒါတင်မကသေးဘဲ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားရအောင် ကြိုတင်ကာကွယ်မှုများလည်း ပြုလုပ်ကြရပါတယ်။ အဲဒီလုပ်ငန်းတာဝန်တွေကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်အောင် မီးသတ်တပ်ဖွဲ့များဖွဲ့စည်းတဲ့အခါ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စည်းကမ်းတကျဖွဲ့စည်းထားရှိပြီး မီးသတ်တပ်ဖွဲ့ဝင်များအတွက် လိုအပ်တဲ့လေ့ကျင့်မှုများကို တစ်ပြေးညီ သတ်မှတ်ထားရှိစေဖို့အထူးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် **“မီးသတ်တပ်ဖွဲ့”** ဆိုင်ရာကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁

လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်အချက်အလက်များစနစ်တကျပြုစု နိုင်ငံအတွင်းတာဝန်ထမ်းဆောင်နေသည့် အလုပ်သမား၊အလုပ်ရှင်များလိုအပ်သည့်ပြဋ္ဌာန်းချက်ထားရှိပေး

စာမျက်နှာ ၉ မှ

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး လူမှုရေးကဏ္ဍနဲ့ အကျုံးဝင်ဆက်စပ်နေတဲ့ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပါမယ်။ နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်တဲ့ မီးဘေး၊ ရေဘေး၊ လေဘေး၊ မြေငလျင်စသည့် အန္တရာယ်ဆိုးများကြုံတွေ့တဲ့အခါမှာ အဲဒီ အန္တရာယ်ဆိုးများဖြစ်ပွားတဲ့ဒေသများသို့ ဆောလျင်စွာ သွားရောက်ပြီး ဒုက္ခသည်များအတွက် လတ်တလော စားဝတ်နေရေး၊ ကျန်းမာရေး စတဲ့ အရေးပေါ်လိုအပ်ချက်တွေကို စနစ်တကျ ကူညီပံ့ပိုးဆောင်ရွက်ပေးဖို့နဲ့ အခြားလိုအပ်တဲ့ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီပံ့ပိုး ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ကြုံတွေ့ရတဲ့ သဘာဝဘေးအန္တရာယ် ပမာဏအလိုက် လိုအပ်ရင် နိုင်ငံတကာရဲ့အကူအညီကို ရယူကြရပါတယ်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့ကြရသူများကို ပံ့ပိုးဆောင်ရွက်ပေးတဲ့အခါမှာလည်း နိုင်ငံတော်အတွင်း တစ်နေရာနှင့်တစ်နေရာ၊ ဒေသတစ်ခုနှင့်တစ်ခု ညီမျှတဲ့ အခွင့်အရေးတွေရရှိအောင် စီစဉ်ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် **"ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး"** ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်တစ်ရပ်အဖြစ် ထူထောင်တဲ့အခါမှာ နိုင်ငံတော်အတွင်းရှိဒေသအသီးသီးမှာ တည်ထောင်ထားတဲ့ နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံတွေမှာသော်လည်းကောင်း၊ ပုဂ္ဂလိက အလုပ်ရုံစက်ရုံတွေမှာသော်လည်းကောင်း တာဝန်ထမ်းဆောင်နေကြတဲ့ ကာယ၊ဉာဏအလုပ်သမားများရဲ့ ကာယစွမ်းပကား၊ ဉာဏစွမ်းပကားများ တစ်နည်းအားဖြင့် လူ့စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေဖို့ အထူးလိုအပ်တဲ့အလျောက် ဒီကိစ္စနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ အချက်အလက်များ စနစ်တကျ ပြုစုထားရှိဖို့ လိုအပ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ လူ့စွမ်းအားဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်စွာ ပြုစုထားရှိဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အလုပ်သမားများရဲ့ အလုပ်လုပ်ချိန်၊ အလုပ်နားချိန်၊ အလုပ်ပိတ်ရက်များ၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပေါ်ပေါက်တဲ့ အငြင်းပွားမှုများ၊ တစ်နည်းအားဖြင့်ပြောရရင် ဝါဏိဇ္ဇပဋိပက္ခများ၊ အလုပ်သမားများရပိုင်ခွင့်ရှိတဲ့ လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးများနဲ့စပ်လျဉ်းတဲ့ ကိစ္စရပ်များ၊ လူမှုဖူလုံရေးစီမံကိန်းများကို နိုင်ငံအဝန်းရှိဒေသအသီးသီးမှာ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အလုပ်ရှင်၊ အလုပ်သမားများရဲ့ တာဝန်နဲ့ ဝတ္တရားများ ဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမားအဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့အလုပ်သမားများ၊ အလုပ်ရှင်များအတွက် လိုအပ်တဲ့ပြဋ္ဌာန်းချက်များ ထားရှိပေးရမှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံအများအပြားရဲ့ အခြေခံဥပဒေများမှာလည်း အလားတူကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ယင်းတို့ရဲ့ အခြေခံဥပဒေများမှာ ပြဋ္ဌာန်းချက်များပါရှိပါတယ်။ အမျိုးသားညီလာခံက အလုပ်သမားများနဲ့ စပ်လျဉ်းပြီး **"နိုင်ငံတော်က အလုပ်သမားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်"** ဟု အခြေခံမူချမှတ်ထားပါတယ်။

ယခု ကျွန်တော်ရှင်းလင်းတင်ပြတဲ့ အလုပ်သမားရေးရာကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံနဲ့အဝန်း ဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အလုပ်သမားများအတွက် တစ်ပြေးညီသတ်မှတ်ဆောင်ရွက်ပေးမှသာ တူညီမျှတမှုရှိမှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် (၁)အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ၊ (၂)ဝါဏိဇ္ဇပဋိပက္ခ၊ (၃)လူမှုဖူလုံရေး၊ (၄)အလုပ်သမားအဖွဲ့အစည်းများဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံနဲ့အဝန်း အကျုံးဝင်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်တဲ့အတွက် အဲဒီ ဖော်ပြပါကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားယဉ်ကျေးမှုနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံက **"နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်"** ဟု အခြေခံမူချမှတ်ထားရှိပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာ ရှေးနှစ်ပေါင်းများစွာကတည်းက မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ အခြေစိုက်နေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားလူမျိုးများအနေနဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေ ရှိနေကြပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အမျိုးသားယဉ်ကျေးမှုများဖြစ်တဲ့ ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ စတဲ့ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ နိုင်ငံနဲ့အဝန်းမှာ မြောက်မြားစွာ ရှိနေတဲ့အပြင် နိုင်ငံတော်အနေနဲ့လည်း ထပ်မံရှာဖွေ ဖော်ထုတ်လျက်ရှိနေတာကို ကိုယ်စားလှယ်ကြီးများ သိရှိကြပြီးဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေဟာ ကျွန်တော်တို့နိုင်ငံတော်နဲ့ လူမျိုးများအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ဖြစ်ပါတယ်။ ဒီလို တန်ဖိုးမဖြတ်နိုင်တဲ့ပစ္စည်းများကို ပျက်စီးပြုန်းတီးမှုများမရှိစေဖို့၊ တာရှည်တည်တံ့ခိုင်မြဲဖို့ မသမာသူများရဲ့ ဘေးအန္တရာယ်ကင်းလွတ်စေဖို့နဲ့ မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ဆိုတဲ့ တာဝန်တွေဟာ ကျွန်တော်တို့ တစ်မျိုးသားလုံးရဲ့ အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေနဲ့ စပ်လျဉ်းလို့ စီမံခန့်ခွဲရာမှာလည်း ပြည်ထောင်စုအနေနဲ့ တာဝန်ယူဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်တစ်ဝန်းလုံးမှာ တစ်ပြေးညီဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ပြည်ထောင်စုအနေနဲ့ တာဝန်ယူစီမံခန့်ခွဲတဲ့အခါ နိုင်ငံအဝန်း ဒေသအသီးသီးမှာ တည်ရှိနေတဲ့ ဖော်ပြပါပစ္စည်းများအနက် ပြည်ထောင်စုက ထိန်းသိမ်းထားရှိဖို့ လိုအပ်တဲ့ပစ္စည်းများကို ထိန်းသိမ်းထားရှိဖို့အတွက် ပြတိုက်များ၊ စာကြည့်တိုက်များကိုလည်း နိုင်ငံတော်အနေနဲ့ သင့်တော်မယ့်နေရာတွေမှာ တည်ဆောက်ဖွင့်လှစ်ထားရှိပါတယ်။ ဖော်ပြပါ ကိစ္စရပ်များနဲ့စပ်လျဉ်းပြီး ဆောင်ရွက်တဲ့အခါမှာ သင့်မြတ်တဲ့အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးခြင်းအားဖြင့် လုပ်ငန်းဆောင်ရွက်ရာမှာ ထိရောက်အောင်မြင်မှုရရှိမှာ ဖြစ်တဲ့အပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရာလည်း ရောက်ပါတယ်။

ဒါ့အပြင် ကျွန်တော်စောစောက တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းပစ္စည်းများ အထူးပေါကြွယ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အလျောက် အဲဒီတန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုအနေနဲ့ သုတေသနလုပ်ငန်းများကို အစဉ်အမြဲလုပ်ကိုင်ဆောင်ရွက်စေဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီလို လုပ်ကိုင်ဆောင်ရွက်ရာမှာလည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ သင့်မြတ်တဲ့ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါကြောင့် **"ပြည်ထောင်စုကစီမံခန့်ခွဲသည့် (က)ရှေးဟောင်းယဉ်ကျေးမှုသို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ၊ (ခ)ပြတိုက်များ၊ စာကြည့်တိုက်များ"** ဆိုင်ရာကိစ္စများနဲ့စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့တစ်မျိုးသားလုံးရဲ့ စိတ်ဓာတ်နဲ့အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဦးတည်ချက်များဟာ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အထူးလိုအပ်လှပါတယ်။ အဲဒီဦးတည်ချက်တွေကို အထမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်တို့ရဲ့ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုများက တစ်ဆင့် ပြည်သူတွေကို အသိပညာပေးလှုံ့ဆော်ကြရမှာဖြစ်ပါတယ်။ အဲဒီ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုများဆိုင်ရာ ကိစ္စများနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုများနဲ့ လုံးဝစပ်ဟပ်မှုမရှိတဲ့ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်နေရာမယူနိုင်အောင် ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ ယခုအခါနိုင်ငံတော်အနေနဲ့လည်း စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုများနဲ့ စပ်လျဉ်းပြီး တစ်မျိုးသားလုံးရဲ့အကျိုးကို ရှေးရှုပြီး ဖော်ထုတ်ဆောင်ရွက်လျက်ရှိနေတာကိုလည်း ကိုယ်စားလှယ်ကြီးများသိရှိပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်စောစောက ရှင်းလင်းတင်ပြခဲ့တဲ့ နိုင်ငံတော်ကထားရှိတဲ့ ဦးတည်ချက်များအောင်မြင်စေဖို့နဲ့ တစ်မျိုးသားလုံး အကျိုးရှိစေဖို့ ဆောင်ရွက်ပေးသင့်တဲ့အတွက် ဒီကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လူမှုရေးကဏ္ဍမှာပါရှိမယ့်ကိစ္စရပ်တွေကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြ နည်းစနစ်၊ သုတေသန၊ စီမံကိန်း၊ စီမံချက်နှင့်စံများ၊
၂။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့်သင်တန်းများနှင့် အဆင့်မြင့်ပညာ အခြားအဖွဲ့အစည်းများ၊
၃။ ပြည်ထောင်စုကသတ်မှတ်ထားသည့် စာမေးပွဲများ၊
၄။ ကိုယ်ပိုင်ကျောင်းများနှင့်သင်တန်းများ၊
၅။ အမျိုးသားအားကစား၊
၆။ အမျိုးသားကျန်းမာရေး၊
၇။ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများဖွံ့ဖြိုးတိုးတက်ရေး၊
၈။ ကုသိုလ်ဖြစ်ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊
၉။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊
၁၀။ ကြက်ခြေနီအသင်း၊
၁၁။ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန် စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊
၁၂။ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
၁၃။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
၁၄။ မီးသတ်တပ်ဖွဲ့၊
၁၅။ အလုပ်လုပ်ချိန်၊နားချိန်၊ အလုပ်ပိတ်ရက်များ၊
၁၆။ ဝါဏိဇ္ဇပဋိပက္ခ၊
၁၇။ လူမှုဖူလုံရေး၊
၁၈။ အလုပ်သမားအဖွဲ့အစည်းများ၊
၁၉။ ပြည်ထောင်စုက စီမံခန့်ခွဲသည့်
(က) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်း သုတေသနလုပ်ငန်းများ၊
(ခ) ပြတိုက်များ၊ စာကြည့်တိုက်များ၊
၂၀။ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို

တို့ဖြစ်ပါတယ်။

ဖော်ပြပါ ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေ ပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံသို့ တက်ရောက်ကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများ၏ကိုယ်ပိုင်ယဉ်ကျေးမှုပြည်နယ်နှင့်တိုင်းဒေသများတွင်တည်ရှိနေ ယဉ်ကျေးမှုအမွေအနှစ်များရေရှည်တည်တံ့ခိုင်မြဲရေးစနစ်တကျကြီးကြပ်အကောင်အထည်ဖော်

စာမျက်နှာ ၁၀ မှ

သဘာပတိကြီးခင်ဗျား–

ကျွန်တော် စောစောက ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်တဲ့ တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စ များနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခု ကျွန်တော် ရှင်းလင်းတင်ပြမယ့် ကိစ္စကတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ တိုင်းရင်းဆေးနဲ့စပ်လျဉ်းတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသား လူမျိုးများအနေနဲ့ မိမိတို့ရဲ့ ရိုးရာ တိုင်းရင်းဆေးဝါးများ ဖော်စပ်သုံးစွဲတဲ့ အလေ့အထများ ရှိကြတာကို ကိုယ်စားလှယ်ကြီးများ သိရှိကြပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အတွင်းရှိ ဒေသတိုင်းလိုလိုမှာ လူအများစုဟာ အနောက်တိုင်းဆေးဝါးကိုသာ မဟုတ်ဘဲ တိုင်းရင်းဆေးဝါးများကိုလည်း အမှီသဟဲပြု သုံးစွဲနေကြပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသနေ ပြည်သူအများစုဟာ ရိုးရာတိုင်းရင်းဆေးဝါးများကို မှီခို အားထားလေ့ရှိကြပါတယ်။ အဲဒီလို ပြည်သူအများစု အားကိုးအားထားပြု သုံးစွဲ ကြတဲ့ တိုင်းရင်းဆေးနဲ့ပတ်သက်လို့ ဆောင်ရွက်ရမယ့် ကိစ္စများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ပြည်ထောင်စုက ချမှတ်ထားတဲ့ တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနဲ့အညီ တာဝန်ယူဆောင်ရွက် စေခြင်းအားဖြင့် ထိရောက်နိုင်မယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့စပ်လျဉ်းလို့ ဥပဒေပြုပေးဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျန်းမာရေးဆိုင်ရာ အကြောင်းအရာတွေနဲ့ ဆက်နွှယ်နေတဲ့ မွေးဖွား ခြင်းနဲ့ သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ကိစ္စများဟာ နိုင်ငံတော်မှာရှိတဲ့ လူဦးရေ စာရင်းဇယားများနဲ့စပ်လျဉ်းပြီး အရေးကြီးတဲ့ ကိစ္စရပ်တစ်ရပ် ဖြစ်ပါတယ်။ မွေးဖွားခြင်းဆိုင်ရာ စာရင်းဇယားများ၊ သေဆုံးခြင်းဆိုင်ရာ စာရင်းဇယားများကို တိတိကျကျ ထားရှိဆောင်ရွက်နိုင်မှ နိုင်ငံတော်မှာရှိတဲ့ လူဦးရေစာရင်းကို တိကျစွာ ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာများက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ ကြီးကြပ်လမ်းညွှန်မှုများနဲ့အညီ မိမိတို့ရဲ့ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ယူဆောင်ရွက်ပေးခြင်းအားဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ထိရောက်မှုရှိမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်း ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့် ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

မိခင်နဲ့ကလေးစောင့်ရှောက်ရေးဆိုင်ရာအဖွဲ့အစည်း၊ ကြက်ခြေနီ၊ မီးသတ် တပ်ဖွဲ့စတဲ့ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများအပြင် နိုင်ငံတော် အတွင်း ဒေသအသီးသီးမှာ ဘာသာရေး၊ နိုင်ငံရေးများနဲ့ လုံးဝသက်ဆိုင်မှုမရှိတဲ့ လူမှုဝန်ထမ်းဆိုင်ရာလုပ်ငန်းများလည်း ရှိမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းများနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ ဒေသအတွင်း လူမှုဝန်ထမ်းဆိုင်ရာ အစီအမံများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များက စီစဉ်ဆောင်ရွက်ပေး မယ်ဆိုရင် လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေပြုဖို့ လိုအပ်ရင်လည်း ဥပဒေပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း တွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အတွင်း ဒေသအသီးသီးမှာ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက်လိုအပ်တဲ့ အစီအစဉ် ဆောင်ရွက်မှုများ ထားရှိကြရမှာ ဖြစ်ပါတယ်။ အဲဒီလို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီစဉ်ရာမှာ သာမန်အားဖြင့် ဒေသတစ်ခုနဲ့တစ်ခုရဲ့ မီးဘေးအန္တရာယ်ကျရောက်နိုင်မယ့် အခြေအနေတွေဟာ တူညီနိုင်ကြမှာမဟုတ်ကြောင်း လေ့လာရရှိပါတယ်။ အဲဒီလိုတူညီမှုမရှိတဲ့ အခြေအနေမျိုးမှာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် ပြုလုပ်ရမယ့် အကာအကွယ်များ၊ အစီအစဉ်များဟာလည်း ဒေသ တစ်ခုနဲ့တစ်ခု တူညီမှုမရှိတာကို တွေ့ရပါတယ်။ အဲဒီလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ဒေသအတွင်းရှိ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဒေသအတွင်းဆောင်ရွက်ရမယ့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနဲ့စပ်လျဉ်းပြီး မိမိဒေသနဲ့ လိုက်လျောညီထွေ ရှိမယ့် မီးဘေးအန္တရာယ်ကာကွယ်ရေး အစီအစဉ်တွေကို ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းထားရှိတဲ့ မီးသတ်တပ်ဖွဲ့ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ အတွင်းက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက မိမိတို့နဲ့သက်ဆိုင်တဲ့ ဒေသများနဲ့ကိုက်ညီမယ့် အစီအစဉ်များကို လိုအပ်သလို သတ်မှတ်ပေပြီး ကြီးကြပ်ဆောင်ရွက်ပေးစေခြင်းအားဖြင့် လုပ်ငန်းများ ထိရောက် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း **“မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး”** ဆိုင်ရာ ကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်ရင် ဥပဒေ ပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တွေမှာ ကုန်တင် ကုန်ချ အလုပ်သမားများ ရှိကြပါတယ်။ အဲဒီကုန်တင်ကုန်ချ အလုပ်သမားများ ဆောင်ရွက်ကြတဲ့ အဓိကလုပ်ငန်းတွေကတော့ ဆိပ်ကမ်းရှိတဲ့မြို့များမှာ သင်္ဘော ခရီးဖြင့် တင်ဆောင်လာတဲ့ကုန်စည်များကို ဆိပ်ကမ်းသို့ ချပေးခြင်း၊ ဆိပ်ကမ်းမှ ကုန်များကို သင်္ဘောပေါ်သို့ တင်ပေးခြင်း၊ မီးရထား ဘူတာရုံရှိသော ဒေသများတွင် မီးရထားဖြင့်သယ်ဆောင်လာသော ကုန်ပစ္စည်းများကို မီးရထား ပေါ်မှချပေးခြင်း၊ မီးရထားပေါ်သို့တင်ပေးခြင်း၊ ပွဲရုံ၊ ဈေးစသည့် ကုန်စည် ရောင်းဝယ်ရာဌာနများတွင် ကုန်ပစ္စည်းများကို တင်ပေးခြင်း၊ ချပေးခြင်း လုပ်ငန်းများဖြစ်ပါတယ်။ အဲဒီ ကုန်တင်ကုန်ချလုပ်ငန်းများကို ဆောင်ရွက်တဲ့ အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက မိမိတို့တိုင်း ဒေသကြီး သို့မဟုတ်ပြည်နယ်များနဲ့လိုက်လျောညီထွေရှိမယ့် အစီအစဉ်များ ချမှတ်စေပြီး ကြီးကြပ်ဆောင်ရွက်ပေးခြင်းအားဖြင့် လုပ်ငန်းများဆောင်ရွက်ရာမှာ ချောမောပြေပြစ် အောင်မြင်နိုင်မှာဖြစ်တဲ့အတွက် အဲဒီ **“ကုန်တင်ကုန်ချလုပ်ငန်း”** များနဲ့စပ်လျဉ်းပြီးဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးရန် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါ တယ်။ ကုန်တင်ကုန်ချလုပ်ငန်းဟာ အလုပ်သမားရေးရာနဲ့ ဆက်နွှယ်နေတဲ့ အတွက် ကုန်တင် ကုန်ချလုပ်ငန်း ဆောင်ရွက်ရာမှာ အလုပ်သမားရေးရာကိစ္စ ပေါ်ပေါက်လာခဲ့ရင် တစ်နိုင်ငံလုံးအတွက် ပြည်ထောင်စု လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့ အလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အတွင်းမှာ ပြည်ထောင်စုက စီမံခန့်ခွဲတဲ့ ပြတိုက်တွေ၊ စာကြည့်တိုက်တွေရှိမှာဖြစ်သလို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိတဲ့ ပြတိုက်နဲ့ စာကြည့်တိုက်များလည်း ဖွင့်လှစ်ထားရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေအနေနဲ့ မိမိတို့လူမျိုးအလိုက် ကိုယ်ပိုင် ယဉ်ကျေးမှုများနဲ့ ဓလေ့ထုံးတမ်းများလည်း ရှိကြပါတယ်။ အဲဒီယဉ်ကျေးမှု အမွေအနှစ်တွေဟာဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေဖြစ်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တွေ့ရှိနိုင်ပါ တယ်။ **“တိုင်းရင်းသားယဉ်ကျေးမှုအမွေအနှစ်များနဲ့ စပ်လျဉ်းပြီး နိုင်ငံတော် အနေနဲ့ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးမည်”** လို့ အမျိုးသား ညီလာခံက အခြေခံမူတစ်ရပ် ချမှတ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တည်ရှိနေကြတဲ့ အတွက် အဲဒီသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲစေဖို့ ထိန်းသိမ်း ပေးရေးလုပ်ငန်းတာဝန်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များက စနစ်တကျ ကြီးကြပ် အကောင်အထည်ဖော်ဆောင်ပေးစေမယ်ဆိုရင် လုပ်ငန်းများ ဆောင်ရွက်ကြတဲ့အခါ သွက်လက်ထိရောက် အောင်မြင်နိုင်မယ်လို့ လေ့လာရရှိပါတယ်။

ဒါကြောင့် **“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် (က)ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊ (ခ)ပြတိုက်နှင့်စာကြည့်တိုက် များ”** ဆိုင်ရာကိစ္စများနဲ့စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေ ပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံတစ်ဝန်း တောရောမြို့ပါ နေထိုင်ကြတဲ့ ကျွန်တော်တို့ မြန်မာ လူမျိုးတွေဟာ အားလပ်တဲ့အချိန်များမှာ စိတ်လက်အပန်းဖြေတဲ့အနေနဲ့ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ဗီဒီယိုပွဲစတဲ့ ပွဲလမ်းသဘင်များကို ပျော်ရွှင်စွာကြည့်ရှု အပန်းဖြေလေ့ရှိကြပါတယ်။ နိုင်ငံတော်မှာ တစ်နှစ်ပတ်လုံး ရာသီအလိုက် ပွဲလမ်းသဘင်တွေကို ဒေသအသီးသီးမှာ ကျင်းပလေ့ရှိကြပါတယ်။ အဲဒီလို ပွဲလမ်းသဘင်တွေကို ကျင်းပတဲ့အခါ ရှေးယခင်အခါများကလို အငြိမ့်ပွဲ၊ ဇာတ်ပွဲ စတာတွေသာမက ရုပ်ရှင်ပွဲ၊ ဗီဒီယိုပွဲများကိုပါ အလျဉ်းသင့်သလို ရုံသွင်း ကျင်းပလေ့ရှိကြပါတယ်။ ဒါ့အပြင် ဒေသအတွင်းမှာ ခတ်ပုံပြပွဲ၊ ပြိုင်ပွဲများ၊ ပန်းချီပန်းပုပြပွဲ၊ ပြိုင်ပွဲများစတာတွေကိုလည်း ပွဲလမ်းသဘင်များ မှာဖြစ်စေ၊ သီးခြားဖြစ်စေ ခင်းကျင်းပြသလျက်ရှိကြပါတယ်။ အဲဒီလို ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံစသည်များနဲ့ ပန်းချီ ပန်းပုစတဲ့ပြပွဲများ ခင်းကျင်းပြသတဲ့ အခါမှာ သက်ဆိုင်ရာဒေသအတွင်း ဥပဒေနဲ့အညီ စည်းကမ်းတကျ ခင်းကျင်း ပြသစေရေးအတွက် လည်းကောင်း၊ ဒေသအတွင်း လုံခြုံရေးအခြေအနေ၊ ကျန်းမာရေး အခြေအနေတို့နှင့်အညီ ခင်းကျင်းပြသရေးအတွက် စီစဉ်ဆောင် ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များက မိမိတို့နဲ့ သက်ဆိုင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ အခြေအနေအလိုက် ကြပ်မတ်ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

ဒါကြောင့် (၁)ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနဲ့ (၂)ခတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့် ပြပွဲများဆိုင်ရာကိစ္စများနဲ့စပ်လျဉ်းလို့ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းရန် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခု ကျွန်တော် ရှင်းလင်းတင်ပြခဲ့တာတွေဟာဆိုရင် လူမှုရေးကဏ္ဍမှာ ပါရှိမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြ သင့်တဲ့ ကိစ္စရပ်များဖြစ်ပါတယ်။ အဲဒီကိစ္စရပ်များကို စုစည်းတင်ပြရမယ် ဆိုရင်–

၁။ ပြည်ထောင်စုကချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊

၂။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာမှတ်ပုံတင်ရေး၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်း လုပ်ငန်းများ၊

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊

၅။ ကုန်တင်ကုန်ချလုပ်ငန်း၊

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်
(က) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊
(ခ) ပြတိုက်နှင့်စာကြည့်တိုက်များ၊

၇။ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊

၈။ ခတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့် ပြပွဲများ

ဖြစ်ပါတယ်။

ဖော်ပြပါ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ဖို့ ရှင်းလင်းတင်

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၄ ခင်းကျင်းပြသ

ရန်ကုန် မေ ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် တုန်းတာကုမ္ပဏီလီမိတက်က ဦးစီး ကျင်းပသည့် မြန်မာတုန်းတာ ကုန်စည် ပြပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ယမန် နေ့ နံနက် ၈ နာရီခွဲ က ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့်မြို့နယ် အထက် ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲ များ၊ တုန်းတာကုမ္ပဏီ လီမိတက်မှ တာဝန်ရှိသူ များ၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက် ရောက် ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ Tong Tah Co., Ltd. ဥက္ကဋ္ဌ Mr. Peter Loh နှင့် တုန်းတာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင် လတ်တို့က “မြန်မာတုန်းတာ ကုန်စည် ပြပွဲ ၂၀၀၄” ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး ဧည့်သည်များနှင့် အတူ ကုန်စည်ပြခန်းများကို လှည့်လည် ကြည့်ရှုကြသည်။

ပြသရောင်းချ

ပြပွဲတွင် ကုမ္ပဏီ ၆၇ ခုတို့က ပြခန်း ၁၇၈ ခန်း ဖွင့်လှစ်ကာ ပြည်တွင်း ပြည်ပမှ အထည်အလိပ်၊ အလှကုန်၊လူသုံးကုန်၊ ပလတ်စတစ် နှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်း များ၊ လေအေးပေးစက်၊ မီးစက်နှင့် အင်ဂျင်အမျိုးမျိုး၊ဆောက်လုပ်ရေး ဆိုင်ရာပစ္စည်းများ၊ အိမ်သုံးနှင့် အိမ် အလှဆင်ပစ္စည်းအမျိုးမျိုး၊ စာအုပ်၊ စာရေးကိရိယာနှင့်ထုပ်ပိုးပစ္စည်းများ၊ မိတ္တူကူးစက်၊ ကွန်ပျူတာနှင့် ပရင်တာ ပစ္စည်းများ၊စက်မှုဇုန်ထုတ် မော်တော် ယာဉ် အမျိုးမျိုးတို့ကို ပြသရောင်းချ လျက်ရှိသည်။

ပြပွဲကို ယနေ့မှစ၍ မေ၂၃ရက် အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း အများပြည်သူတို့အား ဖွင့်လှစ်ပြသ ရောင်းချသွားမည် ဖြစ် သည်။ **(သတင်းစဉ်)**



မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၄ ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ခင်းကျင်းထားရာ အရောင်းပြခန်းများကိုတွေ့ရစဉ်။ (မြန်မာ့အလင်း)

နိုင်ငံအုပ်ချုပ်ရေးယန္တရား ကိုင်တွယ်မောင်းနှင်ရန် တာဝန်ရှိပုဂ္ဂိုလ်များ အရည်အချင်းပြည့်ဝပြီး ကိုယ်ကျင့်ကောင်းဖို့လို နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးသင့်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး၏ "စီမံခန့်ခွဲရေးကဏ္ဍ"ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော် ဆက်လက် ရှင်းလင်းတင်ပြမှာကတော့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု အဖွဲ့အစည်းတွေက ဥပဒေပြုအာဏာခွဲဝေကျင့်သုံးရာမှာ စီမံခန့်ခွဲရေးကဏ္ဍနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာများအနက် ဘယ်အကြောင်းအရာတွေနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုအာဏာတွေကို ပြည်ထောင်စုဥပဒေပြုအဖွဲ့အစည်းများအား ခွဲဝေအပ်နှင်းပေးပြီး ဘယ်အကြောင်းအရာတွေနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာတွေကိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်းများအား ခွဲဝေပေးရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

စီမံခန့်ခွဲရေးကဏ္ဍမှာ အကျုံးဝင်တဲ့ အကြောင်းအရာတွေဟာဆိုရင် အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စများ၊ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စများ၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးဆိုင်ရာကိစ္စများ၊ နိုင်ငံတော်လျှို့ဝှက်ချက်များထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ အသင်းအဖွဲ့များဆိုင်ရာကိစ္စများ၊ အကျဉ်းထောင်ဆိုင်ရာကိစ္စများ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စများ၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်းဆိုင်ရာကိစ္စများ၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်ဆိုင်ရာကိစ္စများ၊ စည်ပင်သာယာရေးဆိုင်ရာကိစ္စများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနဲ့ မြို့ပြစီမံကိန်းဆိုင်ရာကိစ္စများပဲဖြစ်ပါတယ်။

စီမံခန့်ခွဲရေးကဏ္ဍမှာ အကျုံးဝင်တဲ့ အကြောင်းအရာဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စတွေဟာဆိုရင် အထူးပဲ များပြားကျယ်ဝန်းပါတယ်။ အုပ်ချုပ်ရေးဆိုရာမှာလည်း အကြောင်းအရာအလိုက်ကွဲပြားခြားနားတဲ့ သဘောဆောင်တာကို လေ့လာတွေ့ရှိရပါတယ်။ မြို့ပြအုပ်ချုပ်ရေး၊ ကျေးရွာအုပ်ချုပ်ရေးများရှိကြသလို သစ်တောနဲ့စပ်လျဉ်းတဲ့ အုပ်ချုပ်ရေး၊ မြေယာနဲ့စပ်လျဉ်းတဲ့ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေး၊ သတ္တုနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေး၊ ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေးစတာတွေရှိကြပါတယ်။ အဲဒီ အကြောင်းအရာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာအာဏာပိုင်များက ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ကြရာမှာ သက်ဆိုင်တဲ့ အကြောင်းကိစ္စတွေနဲ့ စပ်လျဉ်းပြီး ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းပေးတဲ့ ဥပဒေပြဋ္ဌာန်းချက်များ ဘောင်အတွင်းကသာလျှင် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ကြရပါတယ်။ အထွေထွေအုပ်ချုပ်ရေးဆိုတာကတော့ အဓိကအားဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်း သို့မဟုတ် ပြည်နယ်များအလိုက် တာဝန်ထမ်းဆောင်နေကြတဲ့ အထွေထွေအုပ်ချုပ်ရေးအရာရှိများအနေနဲ့ မိမိတို့အား သက်ဆိုင်ရာအကြောင်းအရာများအလိုက် ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေများနဲ့အညီ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးကို တာဝန်ယူကြရတဲ့ ဝန်ထမ်းများအား တစ်ချိန်က မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ တိုင်းမင်းကြီးနဲ့ အတွင်းဝန်လို့ခေါ်ဝေါ်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ တိုင်း သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးနဲ့ ဗဟိုအဆင့်မှာညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလို့ ခေါ်ဝေါ်ပါတယ်။ အဲဒီအဆင့်ဆင့်သော အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေနဲ့လည်း မိမိတို့အား သက်ဆိုင်ရာဥပဒေများအရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်များအတွင်းက တာဝန်များကို ထမ်းဆောင်ကြရပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ အုပ်ချုပ်ရေးယန္တရားခိုင်မာတောင့်တင်းပြီး လျင်မြန်သွက်လက်စွာ စဉ်ဆက်မပြတ် စနစ်တကျ လည်ပတ်နိုင်ဖို့လိုအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့တစ်တွေ မျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားကို စနစ်တကျ စဉ်ဆက်မပြတ် လည်ပတ်နိုင်ဖို့အတွက် ဒီယန္တရားကြီးကို ကိုင်တွယ်မောင်းနှင်ဖို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များအနေနဲ့လည်း အရည်အချင်းပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းဖို့လိုပါတယ်။ ကျွန်တော်တို့ မျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားကို ချောမောသွက်လက်ပြီး စနစ်တကျ လည်ပတ်နိုင်ဖို့အတွက်ဆိုရင် **"အထွေထွေအုပ်ချုပ်ရေး"**နဲ့ စပ်လျဉ်းတဲ့ ကိစ္စများကို ဆောင်ရွက်တဲ့ အခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ပေးသင့်ကြောင်းလေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ဒီကိစ္စတွေနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်ဆက်လက် ရှင်းလင်းတင်ပြမယ့် အကြောင်းအရာကတော့ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနဲ့ စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများဖြစ်ပါတယ်။ ရွာမြေဆိုတာဟာ မြို့ပြရဲ့ ပြင်ပမှာရှိပြီး အစဉ်အလာအရ လူနေအိမ်များတည်ရှိတဲ့ ဒါမှမဟုတ်ရင် လူနေအိမ်များအတွက် သက်ဆိုင်ရာအာဏာပိုင်ကဥပဒေနဲ့အညီ သတ်မှတ်ထားရှိတဲ့ဒေသကို ဆိုလိုပါတယ်။ မြို့ပြဆိုတာဟာ ဥပဒေနဲ့အညီ မြို့အဖြစ် သတ်မှတ်ထားရှိတဲ့ဒေသ၊ ဒါမှမဟုတ်ရင် စည်ပင်သာယာဥပဒေအရ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပရာ နိုင်ငံတော်ဖွဲ့ စည်း ပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါ ဝင် မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေးက "စီမံခန့်ခွဲရေးကဏ္ဍ"ကိုရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြို့မြေအဖြစ် သတ်မှတ်ကြေညာထားတဲ့နေရာဒေသတစ်ခုခုကို မြို့ပြဒေသလို့ ခေါ်ဆိုလေ့ရှိကြပါတယ်။ ဥပဒေအရ အာဏာအပ်နှင်းခြင်းခံရသော အာဏာပိုင်ကသာ ဒေသတစ်ခုခုကို ရွာမြေအဖြစ်လည်းကောင်း၊ မြို့မြေအဖြစ်လည်းကောင်း သတ်မှတ်ခွင့်ရှိပါတယ်။ မိမိတို့သဘောအလျောက် လူအများစုပေါင်းနေထိုင်ကြပြီး ယင်းဒေသကို ရွာမြေ သို့မဟုတ် မြို့မြေအဖြစ် တည်ထောင်ခွင့်ရှိကြမည် မဟုတ်ပါ။ အဲဒီရွာမြေ၊ မြို့မြေတွေမှာနေထိုင်ကြသူများဟာ ဥပဒေနဲ့အညီ သတ်မှတ်ထားရှိတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ နေထိုင်ကြဖို့တာဝန်ရှိပါတယ်။ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးနဲ့စပ်လျဉ်းပြီးဆောင်ရွက်တဲ့အခါမှာ မြို့ရွာနေပြည်သူများရဲ့လူမှုရေးရှုထောင့်၊ ကျန်းမာရေးရှုထောင့်၊ လုံခြုံရေးရှုထောင့်များကို သေချာဂနစွာစိစစ်ပြီးဆောင်ရွက်ပေးဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာပြည်သူတွေအနေနဲ့ မိမိတို့ဆန္ဒအလျောက် မိမိနေထိုင်လိုတဲ့နေရာမှာ ရွာမြေ၊ မြို့မြေအဖြစ်တည်ထောင်သတ်မှတ်ပြီး စုဝေးနေထိုင်ကြမယ်ဆိုရင် ဥပဒေချိုးဖောက်ရာ ရောက်ရှိမှာဖြစ်ပါတယ်။

ရွာမြေအဖြစ်ဥပဒေနဲ့အညီသတ်မှတ်ထားရှိပြီးဖြစ်တဲ့ နေရာဒေသမှာ အိုးအိမ်ဆောက်လုပ်ခွင့်၊ ဝင်းထရံကာရံခွင့်၊ နေထိုင်ခွင့်များကိုလည်း သက်ဆိုင်ရာအာဏာပိုင်များထံမှခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရွာမြေအဖြစ်သတ်မှတ်ထားရှိတဲ့နယ်မြေအတွင်း နေထိုင်ကြသူများအနေနဲ့လည်း မိမိတို့နေထိုင်ရန်သတ်မှတ်ထားရှိတဲ့မြေကွက်များမှာ အိုးအိမ်များဆောက်လုပ်နေထိုင်ကြတဲ့အခါမှာ လုံခြုံရေးရှုထောင့်၊ ကျန်းမာရေးရှုထောင့်များအရ သက်ဆိုင်ရာအာဏာပိုင်များကသတ်မှတ်ပေးတဲ့ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ရွာမြေအဖြစ်သတ်မှတ်ထားရှိပြီးဖြစ်တဲ့ ကျေးရွာတစ်ခုခုကို အများပြည်သူအကျိုးအတွက် ရွာမြေအဖြစ်မှရုပ်သိမ်းပြီး ယင်းကျေးရွာကို အခြားသင့်လျော်သောနေရာဒေသသို့ပြောင်းရွှေ့ခြင်း၊ ရွာမြေအသစ်ဖွဲ့စည်းသတ်မှတ်ခြင်း၊ ရွာမြေကိုတိုးချဲ့ခြင်း၊ ယင်းသို့တိုးချဲ့ရန်အလို့ငှာ မြေသိမ်းခြင်း၊ ကုန်ကျမည့်စရိတ်ကိုကောက်ခံခြင်းအစရှိတဲ့ ရွာမြေစီမံခန့်ခွဲခွင့်ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့မြေအသစ်သတ်မှတ်ခြင်း၊ မြို့မြေအဖြစ်သတ်မှတ်ပြီး ဒေသအတွင်းရှိမြေများ အငှားချထားခြင်း၊ မြို့မြေများတွင် ယာယီလိုင်စင်ထုတ်ပေးခြင်း၊ လူမှုရေး၊ သာသနာရေးဆိုင်ရာကိစ္စများအလို့ငှာ မြေကိုအခွန်လွတ်ဂရန်ထုတ်ပေးခြင်း၊ ဘဒ္ဒသိမ်သမုတ်ရန်မြေဂရန်ထုတ်ပေးခြင်း၊ မြို့မြေတိုးချဲ့ခြင်း၊ ကန်မြေ၊ သုသာန်မြေသတ်မှတ်ခြင်းစတဲ့ မြို့ပြစီမံခန့်ခွဲတဲ့ကိစ္စရပ်များနဲ့စပ်လျဉ်းလို့လည်းကောင်း ဆောင်ရွက်ဖို့ရှိတဲ့ကိစ္စများကို ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းဖို့လိုအပ်ရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သတ်မှတ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့် ရွာမြေ၊မြို့မြေစီမံခန့်ခွဲရေးကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အတွင်းမှာရှိတဲ့ မြို့ပြဒေသများမှာနေထိုင်ကြတဲ့ပြည်သူတွေထဲမှာ ကိုယ်ပိုင်အိုးအိမ်တိုက်တာနဲ့နေထိုင်နိုင်ကြသူများရှိကြသလို ကိုယ်ပိုင်အိုးအိမ်တိုက်တာနဲ့မနေနိုင်ကြသူများအနေနဲ့ မိမိတို့နေထိုင်ဖို့ နေရာထိုင်ခင်းများကို မြေပိုင်ရှင်၊ အိမ်ပိုင်ရှင်များထံမှ ငှားရမ်းနေထိုင်ကြရတာလည်းရှိပါတယ်။ ဒါ့အပြင် စီးပွားရေးအရ လုပ်ငန်းဆောင်တာများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အလို့ငှာ နေရာထိုင်ခင်းများငှားရမ်းဆောင်ရွက်နေထိုင်ကြတာလည်း ရှိကြပါတယ်။ အဲဒီလို အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စများနဲ့စပ်လျဉ်းပြီး မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းကိုလေ့လာကြည့်တဲ့အခါ ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်ဘေးရန်က တိမ်းရှောင်နေကြရသူတွေဟာ မြို့ပေါ်သို့ ပြန်လည်ရောက်ရှိလာကြပါတယ်။ အဲဒီလိုစစ်ပြီးစအချိန်မှာ နေရာထိုင်ခင်းအခက်အခဲရှိနေတဲ့ ပြည်သူတွေကို မြေရှင်၊ အိမ်ရှင်များက နိုင်ထက်ကလူပြုခြင်းအန္တရာယ်မှ ကာကွယ်ပေးဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ ၁၉၄၆ခုနှစ် Urban Rent Control Order ကိုလည်းကောင်း၊ ၁၉၄၈ခုနှစ် Urban Rent Control Act ကိုလည်းကောင်း ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေတွေဟာ အခြေအနေနဲ့ အချိန်အခါအရ လိုအပ်တဲ့အတွက် ယာယီသဘော ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါတယ်။ Urban Rent Control Act ဟာဆိုရင် ၁၉၅၈ခုနှစ်မှာ သက်တမ်းကုန်ဆုံးခဲ့ပါတယ်။ အဲဒီနောက် ၁၉၆၀ပြည့်နှစ်မှာ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပြဋ္ဌာန်းပေးခဲ့ပြီး အဲဒီဥပဒေဟာ အဓိကအားဖြင့် ၁၉၄၈ခုနှစ် Urban Rent Control Act နဲ့ ကွဲပြားခြားနားမှု မရှိသော်လည်း ဥပဒေရဲ့ သက်တမ်းနဲ့စပ်လျဉ်းပြီး အချိန်ကာလ သတ်မှတ်ထားခြင်း မရှိတဲ့အတွက် ယခုထက်တိုင် အတည်ဖြစ်လျက်ရှိပါတယ်။

နိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မြို့ပြဒေသများမှာ လူဦးရေများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ယခင်ကထက် တိုးတက်များပြားလာခြင်းများ ရှိလာကြပါတယ်။ အဲဒီလို စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်များပြားလာခြင်း၊ မြို့ပြဒေသများမှာ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ကြဖို့ လူအများပြောင်းရွှေ့အခြေစိုက်နေထိုင်လာကြခြင်းကြောင့် လူဦးရေ တိုးတက်များပြားလာခြင်းများ ရှိလာတာနဲ့အမျှ လူအများနေထိုင်ရေးကိစ္စနဲ့စပ်လျဉ်း၍ဖြစ်စေ၊ စီးပွားကုန်သွယ်လုပ်ငန်းဆောင်ရွက်ဖို့နဲ့ စပ်လျဉ်း၍ဖြစ်စေ၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ဖို့နဲ့ စပ်လျဉ်း၍ဖြစ်စေ၊ အိမ်ငှား၊ မြေငှားဆိုင်ရာ ကိစ္စတွေဟာ မြို့ပြဒေသတွေမှာပေါ်ပေါက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ အဲဒီလို မြို့ပြဒေသတွေမှာ အိမ်ငှားမြေငှားဆိုင်ရာ ကိစ္စများနဲ့ စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြေးညီဆောင်ရွက်မှသာ ညီညွတ်မျှတမှုရှိမှာဖြစ်ပါတယ်။ ဒါကြောင့် **"အိမ်ငှားမြေငှားဆိုင်ရာကိစ္စများ"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ရှိကြစဉ်အခါက မူးယစ်ဆေးဝါးရဲ့ အဓိကအရင်းအမြစ်ဖြစ်တဲ့ ဘိန်းစိုက်ပျိုးတဲ့ အလေ့အထများ မရှိခဲ့တာလေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့များက မတရားသိမ်းယူခံရပြီးတဲ့ နောက်ပိုင်းကျမှ ကိုလိုနီနယ်ချဲ့များဟာ သူတို့ အကျိုးအတွက် မြန်မာ့မြေပေါ်မှ ဘိန်းကိုစိုက်ပျိုးရောင်းဝယ်ဖောက်ကားခဲ့တဲ့ အချိန်ကစပြီး မြန်မာ့မြေပေါ်မှာ ဘိန်းစိုက်ပျိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ ပြန့်ပွားလာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးရဲ့ အစကနဦးလို့ ဆိုရမယ့် ဘိန်းစိုက်ပျိုးရောင်းဝယ်ဖောက်ကားခြင်း အမွေဆိုးဟာ ကိုလိုနီနယ်ချဲ့တို့ ထားရှိသွားတဲ့ အမွေဆိုးကြီးဖြစ်ပါတယ်။ အဲဒီဘိန်းစိုက်ပျိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းစတဲ့ လုပ်ငန်းများဟာ စိုက်ပျိုးသူနဲ့ ရောင်းဝယ်သူတွေအတွက် အကျိုးဖြစ်ထွန်းစေသော်လည်း စားသုံးသူအတွက် ဘဝအညွှန့်တုံးသွားစေပါတယ်။ ကိုလိုနီနယ်ချဲ့များပြဋ္ဌာန်းခဲ့တဲ့ ဘိန်းအက်ဥပဒေ၊ ယစ်မျိုးအက်ဥပဒေ၊ ဘေးဖြစ်စေတတ်သောဆေးဝါးများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များဟာလည်း ဘိန်းစိုက်ပျိုးရောင်းဝယ်ဖောက်ကားခြင်းနဲ့ စပ်လျဉ်းပြီး ထိရောက်စွာဟန့်တားနိုင်မှု မရှိခဲ့တာကို တွေ့ရှိရပါတယ်။

ယခုအခါမှာ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးကို အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါးကို တွန်းလှန်တိုက်ဖျက်ရာမှာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကျွန်တော်တို့နိုင်ငံဟာ ၁၉၆၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော ကွန်ဗင်းရှင်း(1961 Single Convention on Narcotic Drugs)ကို လက်ခံပါဝင်ခဲ့ပြီး အဲဒီကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့နဲ့ လူသားမျိုးနွယ်များအား အညွှန့်တုံးစေနိုင်တဲ့အပြင် လူသားတွေရဲ့ဘဝကိုပင်လျှင် ပျက်သုဉ်းစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၁၉၇၄ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဲဒီဥပဒေနဲ့အညီ မူးယစ်ဆေးဝါးအန္တရာယ်ကို မိမိနိုင်ငံအနေနဲ့လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားနိုင်ငံများနဲ့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းခဲ့ပါတယ်။

အဲဒီလို နိုင်ငံတော်က မူးယစ်ဆေးဝါးနှိမ်နင်းရေးနဲ့ စပ်လျဉ်းပြီး တစိုက်မတ်မတ်အားသွန်ခွန်စိုက် ဆောင်ရွက်နေစဉ်မှာပင် ကမ္ဘာ့နိုင်ငံအများအပြားမှာ စိတ်ကိုလှုံ့ဆော်တတ်သော ဆေးဝါးများ၊ စိတ်ငြိမ်စေသော ဆေးဝါးများ၊ စိတ်ကြွစေသော ဆေးဝါးများ၊ စိတ်ချောက်ချားစေသော ဆေးဝါးများစတဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများရဲ့အန္တရာယ်ဟာ တစ်နေ့တခြားကြီးထွားလာပြီး ကမ္ဘာတစ်ဝန်းလုံးရှိ လူသားမျိုးနွယ်များကို အန္တရာယ်ပြုလာတဲ့အတွက် ကုလသမဂ္ဂက ၁၉၈၈ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကွန်ဗင်းရှင်းတစ်ရပ် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ကွန်ဗင်းရှင်းမှာလည်း မြန်မာနိုင်ငံအနေနဲ့ပါဝင်ခဲ့ပါတယ်။ ဒီကွန်ဗင်းရှင်းအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဟာ ၁၉၉၃ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားရှိတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရေးနဲ့ စပ်လျဉ်းပြီး တစိုက်မတ်မတ် အားသွန်ခွန်စိုက် ဆောင်ရွက်လာခဲ့တာဟာ ယခုအခါ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းလုံးဝမစိုက်ပျိုးသည့်နယ်မြေ(Opium Free Zone)အဖြစ်ကမ္ဘာသိ သတ်မှတ်ကြေညာနိုင်ခဲ့တဲ့အခြေအနေအထိရောက်ရှိနိုင်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရှမ်းပြည်နယ်အတွင်း အခြားဒေသများကိုလည်း အဲဒီလိုသတ်မှတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅ နှစ်စီမံကိန်း (၁၉၉၉–၂၀၀၀ ခုနှစ်မှ ၂၀၁၃–၂၀၁၄ ခုနှစ်အထိ) ကို ဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၁၃ ကော်လံ ၁

21-5 (12).p65 1 03/24/1905, 9:16 PM

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်း ဆိုးမွေသည် ကိုလိုနီနယ်ချဲ့ထားရှိသွားသည့် အမွေဆိုးကြီးဖြစ်

မူးယစ်ဆေးဝါးပပျောက်စေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူများပါဝင်ဆောင်ရွက်

စာမျက်နှာ ၁၂ မှ

မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ရာမှာ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဉ်တို့နဲ့လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ၊ထိုင်းနိုင်ငံ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနဲ့သာမက ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို ကမ္ဘာ့လူသားမျိုးနွယ်များကို အန္တရာယ်ပြုခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်တဲ့ ဆေးဝါးများကို ပပျောက်စေရေးအတွက် ဆောင်ရွက်ရာမှာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အတွင်းရှိပြည်သူများက ပါဝင်ဆောင်ရွက်ကြဖို့လိုအပ်တဲ့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနဲ့လည်း လိုအပ်တဲ့အခါ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နိုင်ငံတော်အဝန်း ဒေသအားလုံးမှာ တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မှသာ ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် **“မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး”** ဆိုင်ရာ ကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရတဲ့အခါမှာ အချို့အချို့သောကိစ္စရပ်များနဲ့စပ်လျဉ်းပြီး အခြေအနေနဲ့ အချိန်အခါများအရ နိုင်ငံတော်လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားရှိရမယ့်ကိစ္စများရှိပါတယ်။ အဲဒီ နိုင်ငံတော်ရဲ့ လျှို့ဝှက်ချက်များနဲ့စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ယန္တရားမှာဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာယန္တရားမှာဖြစ်စေ၊ တရားစီရင်ရေးဆိုင်ရာ ယန္တရားမှာဖြစ်စေ၊ အဲဒီအာဏာသုံးရပ်နဲ့နီးနွယ်လျက်ရှိတဲ့လုပ်ငန်းများမှာဖြစ်စေ၊ အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ကြရတဲ့သူများအနေနဲ့ နိုင်ငံတော်လျှို့ဝှက်ချက်များအဖြစ်သတ်မှတ်ချက်များကို ပေါက်ကြားမှုမရှိအောင် ထိန်းသိမ်းဖို့တာဝန်ရှိကြပါတယ်။ နိုင်ငံတော်အတွင်း မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်တွေမှာရှိတဲ့ အစိုးရရုံး၊ ဌာနအသီးသီးများမှာ နိုင်ငံတော်လျှို့ဝှက်ချက်များရှိကြမှာဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်လျှို့ဝှက်ချက်များကို ထိန်းသိမ်းရေးနဲ့စပ်လျဉ်းလို့ဆောင်ရွက်တဲ့အခါ မှာ နိုင်ငံတော်အတွင်းတစ်ပြေးညီ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် **“နိုင်ငံတော်လျှို့ဝှက်ချက် ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ”** နဲ့စပ်လျဉ်းပြီး ဥပဒေပြု ဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

လွတ်လပ်တဲ့နိုင်ငံတိုင်းက နိုင်ငံသားတွေအနေနဲ့ အသင်းအဖွဲ့တွေမှာပါဝင်ခွင့်နဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်များရှိကြရမှာဖြစ်ပါတယ်။ အသင်းအဖွဲ့ဖွဲ့စည်းရာမှာလည်း ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့၊ လူမှုရေးဆိုင်ရာအသင်းအဖွဲ့၊ အလုပ်သမားဆိုင်ရာအသင်းအဖွဲ့၊ အနုပညာဆိုင်ရာအသင်းအဖွဲ့၊ အားကစားဆိုင်ရာအသင်းအဖွဲ့စသည်ဖြင့် အသင်းအဖွဲ့အမျိုးမျိုးရှိမှာဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် ဖွဲ့စည်းကြတဲ့ဆရာဝန်များအသင်း၊ အင်ဂျင်နီယာများအသင်း၊ ရှေ့နေများအသင်း စသည်များလည်းရှိကြပါတယ်။ အဲဒီအသင်းအဖွဲ့တွေဟာ ရပ်ကွက်နဲ့ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ခရိုင်အဆင့်စတဲ့ ဒေသများမှာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြပါတယ်။ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြတဲ့အခါ အများပြည်သူတွေရဲ့ လုံခြုံရေးနဲ့ အေးချမ်းသာယာရေးကိုဖြစ်စေ၊ အများပြည်သူရဲ့ ကိုယ်ကျင့်တရားကိုဖြစ်စေ ထိပါးစေတဲ့ ဆောင်ရွက်မှုများကို သတိပြုရှောင်ရှားဖို့လိုအပ်တဲ့အပြင် အဲဒီ အသင်းအဖွဲ့များ ဖွဲ့စည်းရာမှာလည်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ လိုက်နာဖွဲ့စည်းဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။ အသင်းအဖွဲ့များ ဖွဲ့စည်းတဲ့အခါမှာ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ အချက်များနဲ့ကိုက်ညီစေမှုရှိအောင် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေးကိစ္စများနဲ့စပ်လျဉ်းပြီး တစ်နိုင်ငံလုံးမှာ တစ်ပြေးညီ ဖြစ်စေသင့်ပါတယ်။ ဒါကြောင့် **“အသင်းအဖွဲ့များ”** ဆိုင်ရာ ကိစ္စများနဲ့စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော် ဆက်လက်ပြီး ရှင်းလင်းတင်ပြမယ့်အကြောင်းအရာကတော့ အကျဉ်းထောင်များနဲ့အဲဒီအကျဉ်းထောင်များမှာ အကျဉ်းခံနေရတဲ့လူတွေနဲ့ စပ်လျဉ်းတဲ့ အကြောင်းအရာများပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း သက်ဆိုင်ရာတရားရုံးများက ဥပဒေနဲ့အညီ စစ်ဆေးကြပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလို့ ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခံရသူများ၊ သက်ဆိုင်ရာတရားရုံးများမှာ အမှုစစ်ဆေးဆဲ တရားခံများအနက် အမှုမပြီးပြတ်သေးမီ တရားရုံးရဲ့ချုပ်မိန့်နဲ့ထားရှိတဲ့ အချုပ်တရားခံများ၊သက်ဆိုင်ရာဥပဒေအရ ဥပဒေနဲ့အညီထုတ်ပြန်တဲ့ အမိန့်နဲ့ချုပ်နှောင်ထားသူများကိုထားရှိဖို့ အကျဉ်းထောင်များကို နိုင်ငံတော်က သင့်လျော်တဲ့နေရာတွေမှာသတ်မှတ်ထားပြီးအဲဒီအကျဉ်းထောင်များ၊ အကျဉ်းကျခံကြရသူများနဲ့စပ်လျဉ်းတဲ့ သတ်မှတ်ချက်များကိုလည်း ပြဋ္ဌာန်းသတ်မှတ်ထားရှိပါတယ်။ အကျဉ်းထောင်များမှာထားရှိတဲ့ အပြစ်ကျခံရသူများနဲ့စပ်လျဉ်းပြီး ချမှတ်ခံရတဲ့ ပြစ်ဒဏ်ကာလအပေါ်အခြေခံ၍လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ခံရသူ၏ အသက်အရွယ်ကိုအခြေခံ၍ လည်းကောင်း၊ ထိုသူတို့အားထားရှိရမယ့်အကျဉ်းထောင်ကိုသက်ဆိုင်ရာ အကျဉ်းဦးစီးဌာနက သတ်မှတ်ပေးလေ့ရှိပါတယ်။ နိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ အကျဉ်းထောင်များကို စနစ်တကျရှိစေဖို့နဲ့ အကျဉ်းထောင်များမှာအကျဉ်းချခံရသူတွေ၊ အချုပ်ခံနေရသူတွေကို စည်းကမ်းတကျထားရှိစေဖို့အတွက် အခါအားလျော်စွာ ကြည့်ရှုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းစတာတွေကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရပါတယ်။ အဲဒီလို အကျဉ်းထောင်များနဲ့စပ်လျဉ်းပြီး ဆောင်ရွက်ရမယ့် ကိစ္စအဝဝအတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုဆက်လက်ရှင်းလင်းတင်ပြမှာကတော့ စီမံခန့်ခွဲရေးကဏ္ဍမှာအကျုံးဝင်တဲ့နယ်စပ်ဒေသဆိုင်ရာကိစ္စများဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကို ကိုလိုနီနယ်ချဲ့များစိုးမိုးအုပ်ချုပ်စဉ်အခါက နယ်စပ်ဒေသမှာနေထိုင်ကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေရဲ့အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုကိုလျစ်လျူရှုခံခဲ့ရပါတယ်။ ဒီလိုလျစ်လျူရှုထားခဲ့တဲ့အကြောင်းကတော့ အဲဒီဒေသတွေဟာ နယ်ချဲ့တွေအတွက် အကျိုးဖြစ်ထွန်းမယ့်အခြေအနေမရှိတဲ့အတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိပြီးတဲ့ နောက်ပိုင်းမှာလည်းနယ်စပ်ဒေသရဲ့ပထဝီအနေအထားအရလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် လည်းကောင်း၊ ပြည်တွင်းမငြိမ်သက်မှုများကြောင့်လည်းကောင်း၊ နယ်စပ်ဒေသများနဲ့ အဲဒီနယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေဟာ နိုင်ငံတော်အတွင်းရှိအခြားဒေသများနဲ့ အဲဒီအခြားဒေသများမှာနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေနဲ့ ကင်းကွာခဲ့ကြရပါတယ်။ ဒါကြောင့် အဲဒီ နယ်စပ်ဒေသတွေရဲ့ စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စတာတွေဟာလည်း နိုင်ငံတော်အတွင်းရှိ အခြားဒေသများထက် အဘက်ဘက်က နောက်ကျနေခဲ့ရပါတယ်။

နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်စေဖို့ဆိုရင် အဲဒီဒေသတွေရဲ့ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတာတွေ အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးလာမှသာ အဲဒီဒေသများဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံမူတွေထဲမှာ **“တိုင်းရင်းသားများနဲ့စပ်လျဉ်းပြီး နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်မည်”** ဟု ချမှတ်ထားပါတယ်။

ဒါ့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားပြီး နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးမှာဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့စပ်လျဉ်းပြီး **“နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ”** ကိုလည်းကောင်း ဖွဲ့စည်းပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး ထိရောက်အောင်မြင်စွာနဲ့ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က သီးခြားထားရှိခြင်းမရှိဖူးသေးတဲ့ **“နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန”** ကိုဖွဲ့စည်းပြီး စောစောက ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ စပ်လျဉ်းတဲ့ စီမံကိန်းများချမှတ်လျက် ဒေသခံတိုင်းရင်းသားများနဲ့ လက်တွဲဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတွေအနက် အချို့သောဒေသတွေဟာဆိုရင် ပြည်တွင်းမငြိမ်မသက်မှုဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပြီး နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုအာဏာသက်ရောက်ခြင်းမှ ကင်းကွာခဲ့ရတဲ့ ဒေသများဖြစ်တဲ့အလျောက် နိုင်ငံ့ဝန်ထမ်းများနဲ့ ထိတွေ့မှုမရရှိခြင်း၊ နိုင်ငံတော်ရဲ့ အခြားဒေသများနဲ့ ကူးလူးဆက်ဆံရေး နည်းပါးခြင်းများကြောင့် ယင်းတို့နဲ့နယ်နိမိတ်ချင်းဆက်စပ်နေတဲ့နိုင်ငံများရဲ့ ဘာသာစကား၊ စာပေနဲ့ယဉ်ကျေးမှုများလွှမ်းမိုးခံရတဲ့ အခြေအနေများ ပေါ်ပေါက်ခဲ့ရပါတယ်။

ယခုအခါ နိုင်ငံတော်အနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်တဲ့ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည်များ ဆောလျင်စွာ အကျိုးသက်ရောက် အကောင်အထည်ပေါ်လာစေဖို့ လမ်း၊ တံတား၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေးစတဲ့စီးပွားရေးဆိုင်ရာ ကျောထောက်နောက်ခံအဆောက်အအုံများ(Economic Infrastructure)၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးစတဲ့ လူမှုရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံများ (Social Infrastructure)နှင့် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ ကုန်သွယ်ရေးစတဲ့ စီးပွားရေးလုပ်ငန်းများ(Economic Activities) များကို ဆောက်ရွက်ပေးလျက်ရှိနေပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသများရဲ့ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေဟာ ယခင်အခါများနဲ့ မတူတော့ဘဲ အထူးဖွံ့ ဖြိုးတိုးတက်နေတာကို တွေ့မြင်နိုင်ကြပြီဖြစ်ပါတယ်။ အဲဒီ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါ နယ်စပ်ဒေသအသီးသီးမှာတစ်ပြေးညီ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးနဲ့ ပူးပေါင်းညှိနှိုင်းဆက်သွယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြမှာကတော့ စီမံခန့်ခွဲရေးကဏ္ဍမှာ ပါဝင်တဲ့ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များနဲ့ ယင်းတို့နဲ့ဆက်နွှယ်နေတဲ့ နိုင်ငံသားစိစစ်ရေးနှင့်မှတ်ပုံတင်လုပ်ငန်းဆိုင်ရာကိစ္စများနဲ့ သန်းခေါင်စာရင်းဆိုင်ရာကိစ္စများပဲ ဖြစ်ကြပါတယ်။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများထဲမှာ နိုင်ငံသားဖြစ်မှုနဲ့ စပ်လျဉ်းပြီး **“တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်”** ဆိုတဲ့ အခြေခံမူတစ်ရပ်ပါရှိပါတယ်။

နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းနဲ့ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများဟာ နိုင်ငံတော်အတွက် အထူးပင် အရေးကြီးတဲ့ကိစ္စများဖြစ်ပါတယ်။ ဒီကိစ္စကိုကိုင်တွယ်ရာမှာ သတိကြီးစွာထားရှိ ကိုင်တွယ်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံသားအဖြစ် အသိအမှတ်မပြုသင့် မပြုထိုက်တဲ့သူတစ်ဦးကို နိုင်ငံသားအဖြစ်လက်ခံမိခဲ့ရင် နိုင်ငံတော်အတွက် ရေရှည်မှာ အန္တရာယ်များပြီး အကျိုးယုတ်သွားနိုင်သလို၊ နိုင်ငံသားအဖြစ်ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း မပြုသင့်မပြုထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း ပြုမိပြန်ရင်လည်း အဲဒီပုဂ္ဂိုလ်အတွက် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါ့အပြင် အဲဒီပုဂ္ဂိုလ်ဟာ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းနိုင်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ခဲ့ရင် နိုင်ငံတော်အတွက်ပါ နစ်နာဆုံးရှုံးနိုင်ပါတယ်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်ဖို့အတွက် လိုအပ်တဲ့ စီမံကိန်းများချမှတ်တဲ့အခါ ကျွန်တော်တို့နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ လူဦးရေစာရင်းဇယားများ တိကျမှန်ကန်ဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတော်မှာရှိတဲ့ လူဦးရေစာရင်းဇယား တိကျမှန်ကန်မှုရှိမှသာ အဲဒီလူဦးရေကိုအခြေခံပြီး ရေးဆွဲချမှတ်ထားတဲ့ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ အောင်မြင်မှုရရှိနိုင်မှာဖြစ်ပါတယ်။

အဲဒီလို တိကျမှန်ကန်တဲ့ လူဦးရေစာရင်းဇယားတွေရရှိဖို့အတွက် နိုင်ငံတော်အနေနဲ့ လူဦးရေစစ်တမ်းများကိုအခါအားလျော်စွာ ကောက်ယူလျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ လူဦးရေနဲ့ စပ်လျဉ်းပြီး သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ကိစ္စများကိုလည်း ဆောင်ရွက်ရပါတယ်။ ဒီကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတစ်နိုင်ငံရဲ့ လူဦးရေစာရင်းကို နေ့ရက်နဲ့အချိန်သတ်မှတ်ပြီး သန်းခေါင်စာရင်း ကောက်ယူရပါတယ်။ အဲဒီလို ကောက်ယူပြီးတဲ့နောက်ပိုင်း မွေးဖွားသူ၊ သေဆုံးသူများ သဘာဝအလျောက်ရှိကြတဲ့အတွက် နှစ်စဉ်ရှိနိုင်တဲ့ လူဦးရေစာရင်းကို နှစ်အလိုက်သတ်မှတ်ထားတဲ့ လူဦးရေတိုးနှုန်းနဲ့ တွက်ချက်ပြီး နိုင်ငံအတွင်းရှိ စုစုပေါင်းလူဦးရေ စာရင်းများကိုပြုစုရပါတယ်။ အဲဒီလို လူဦးရေစာရင်းများ ပြုစုတဲ့အခါမှာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(United Nations Fund for Population Activities)က လိုအပ်တဲ့အကူအညီများကို ပေးပါတယ်။ ဒါ့အပြင် လူဦးရေဆိုင်ရာဘာသာရပ် ကျွမ်းကျင်သူများကိုလည်း ဖိတ်ခေါ်ပြီး လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနက တရားဝင်ကောက်ယူထားတဲ့ လူဦးရေစာရင်းဇယားများအပေါ် နိုင်ငံတကာက လက်ခံကျင့်သုံးတဲ့ နည်းစနစ်များနဲ့အညီ နှစ်အလိုက်လူဦးရေတိုးနှုန်းကို ပူးပေါင်းတွက်ချက် သတ်မှတ်ကြရပါတယ်။ ကျွန်တော်တို့နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများထဲမှာ မွေးရာပါနိုင်ငံသားများ တည်ဆဲဥပဒေပါအခွင့်အရေးအရ နိုင်ငံသားများ၊ နိုင်ငံသားပြုခွင့်ရသူများ၊ ဧည့်နိုင်ငံသားများနဲ့နိုင်ငံခြားသားများ ပါရှိကြပါတယ်။ အဲဒီပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီး စိစစ်ရေးလုပ်ငန်းများနဲ့မှတ်ပုံတင်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စများကိုလည်းကောင်း ယခုအခါမှာ လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အားဦးစီးဌာနက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်ယခုရှင်းလင်းတင်ပြသွားတဲ့ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများ၊ သန်းခေါင်စာရင်းဆိုင်ရာကိစ္စများ၊ နိုင်ငံသားစိစစ်ရေးနှင့်မှတ်ပုံတင်လုပ်ငန်းဆိုင်ရာကိစ္စများဟာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးနဲ့အကျုံးဝင်တဲ့ ကိစ္စများဖြစ်တဲ့အတွက် အဲဒီကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင်ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး စီမံခန့်ခွဲရေးကဏ္ဍမှာအကျုံးဝင်တဲ့ဘွဲ့ထူး၊ဂုဏ်ထူးများဆိုင်ရာအကြောင်းအရာများနဲ့စပ်လျဉ်းတဲ့ကိစ္စတွေကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနဲ့နေထိုင်ကြစဉ်ကတည်းက နိုင်ငံအကြီးအကဲဖြစ်တဲ့ဘုရင်များကနိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာ အမှုထမ်းဆောင်ကြသူ မှူးကြီးမတ်ရာ၊သေနာပတိမှ အစမင်းမှုထမ်းများအတွက် သင့်လျော်သောဘွဲ့ထူး၊ဂုဏ်ထူးချီးမြှင့်မြှောက်စားခြင်းများရှိခဲ့ပါတယ်။သာသနာရေးဆိုင်ရာများမှာလည်း သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များကိုဆက်ကပ်လှူဒါန်းသင့်တဲ့ ရဟန်း သံဃာတော်များကိုဆက်ကပ်လှူဒါန်းတဲ့အစဉ်အလာများ ရှိခဲ့ပါတယ်။ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းမှာဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းထားရှိတာကို တွေ့ရှိရပြီး အဲဒီဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို နိုင်ငံအကြီးအကဲများက အခါကြီးရက်ကြီးများနှင့်ကြုံကြိုက်တဲ့အချိန်မှာဖြစ်စေ၊နိုင်ငံတော်မှာ ထူးခြားတဲ့နေ့ထူးနေ့မြတ်များမှာဖြစ်စေ လျော်ကန်သင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ဂုဏ်ထူးဆောင်တံဆိပ်အပ်နှင်းတဲ့အစဉ်အလာများ ရှိတာကိုတွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း လွတ်လပ်ရေးရရှိပြီးနောက် ယခုအချိန်ထိ အုပ်ချုပ်ရေးနယ်ပယ်မှာဖြစ်စေ၊လူမှုရေးနယ်ပယ်မှာဖြစ်စေ၊ စီးပွားရေးနယ်ပယ်မှာဖြစ်စေ၊ နိုင်ငံတော်အတွက်ထူးချွန်ပြောင်မြောက်တဲ့ ဆောင်ရွက်မှုများကိုကြိုးပမ်းဆောင်ရွက်နိုင်သူများအားချီးမြှင့်နိုင်ဖို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို အခါအားလျော်စွာ နိုင်ငံတော်ကပြဋ္ဌာန်းထားရှိပြီး အဲဒီဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကိုနိုင်ငံတော်အကြီးအကဲများက အခါကြီးရက်ကြီးများနဲ့ ကြုံကြိုက်တဲ့အခါမှာဖြစ်စေ၊ နိုင်ငံတော်မှာ ထူးခြားတဲ့နေ့ထူးနေ့မြတ်များမှာဖြစ်စေ လျော်ကန်သင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကိုချီးမြှင့်အပ်နှင်းတဲ့အစဉ်အလာများရှိပါတယ်။ သာသနာတော်ဘက်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကိုလည်း ပြဋ္ဌာန်းထားရှိပြီး သင့်လျော်သောရဟန်းသံဃာတော်များနဲ့လူပုဂ္ဂိုလ်များကိုဆက်ကပ်ခြင်းများ၊ ချီးမြှင့်ခြင်းများပြုပါတယ်။ တပ်မတော်ဆိုင်ရာ ဘွဲ့တံဆိပ်များနဲ့စပ်လျဉ်းပြီး နိုင်ငံတော်အကြီးအကဲက ချီးမြှင့်ရမယ့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကိုနိုင်ငံတော်အကြီးအကဲက ချီးမြှင့်ပေးပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းပြီးတဲ့အခါ နိုင်ငံတော်အကြီးအကဲအဖြစ် နိုင်ငံတော်သမ္မတက ဆောင်ရွက်မှာဖြစ်တဲ့အတွက်နိုင်ငံတော်သမ္မတကအပ်နှင်းမယ့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ဂုဏ်ထူးဆောင်တံဆိပ်များနဲ့စပ်လျဉ်းပြီး ဥပဒေပြုပေးဖို့လိုအပ်တဲ့အခါ ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၁

စာမျက်နှာ ၁၃ မှ

သဘာပတိကြီးခင်ဗျား-

အခုကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စီမံခန့်ခွဲရေးကဏ္ဍမှာ ပါရှိမယ့် ကိစ္စရပ်များကို စုစည်း တင်ပြရမယ်ဆိုရင်-

၁။ အထွေထွေအုပ်ချုပ်ရေး၊
၂။ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊
၃။ အိမ်ငှား၊ မြေငှား၊
၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး၊
၅။ နိုင်ငံတော်လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊
၆။ အသင်းအဖွဲ့များ၊
၇။ အကျဉ်းထောင်၊
၈။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊
၉။ သန်းခေါင်စာရင်း၊
၁၀။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊
၁၁။ ဘွဲ့ထူး၊ ဂုဏ်ထူး

တို့ဖြစ်ပါတယ်။

ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် ညီလာခံ ကိုယ် စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အခု ဆက်လက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

စီမံခန့်ခွဲရေးကဏ္ဍမှာအကျုံးဝင်တဲ့ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စများနဲ့ စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ ကိစ္စများနဲ့ စပ်လျဉ်းလို့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာ ကိစ္စများနဲ့ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာကိစ္စတွေဟာ လုပ်ငန်းတစ်ခုနဲ့ တစ်ခု ဆက်စပ်နေတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းများဟာ အဓိကအားဖြင့် ဒေသတစ်ခုအတွင်းနေထိုင်ကြတဲ့ အများပြည်သူ တွေရဲ့ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု စသည်များမှာ အဆင်ပြေချောမောပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ရှိနိုင်ကြစေဖို့ ဆောင်ရွက်ပေးရတဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။ ဒါကြောင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာကိစ္စ၊ စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာကိစ္စတွေဟာ ဒေသတစ်ခုအတွင်းနေ ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ ထိတွေ့ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေနဲ့ အကျုံးဝင်တာတွေကတော့ စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် ဥပဒေအရ သတ်မှတ်ထားရှိသော ဒေသတစ်ခုအတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ကျူးကျော် အဆောက်အအုံများ၊ ရပ်ကွက်များဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ နေရာချထားခြင်း၊ လမ်းတံတားများ ဖောက်လုပ် တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ပန်းဥယျာဉ် ၊ ပန်းခြံ၊ ကစားကွင်း၊ အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းမီးပေးရေးလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်း၊ ဒေသအတွင်းနေ ပြည်သူ များရဲ့ ကျန်းမာရေး လုပ်ငန်းဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း၊ ဈေးများတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ ယာဉ်နှင့်အနေးယာဉ်များနဲ့ စပ်လျဉ်း၍လည်းကောင်း၊ လမ်းဘေးဈေးဆိုင်များနဲ့ စပ်လျဉ်း၍လည်းကောင်း လိုက်နာရမယ့် စည်းကမ်းများ သတ်မှတ်ခြင်းစတဲ့ ကိစ္စရပ်များပဲဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များမှာ ဥပဒေနဲ့အညီ သတ်မှတ်ထားရှိတဲ့ စည်ပင်သာယာ နယ်နိမိတ်များအတွင်း မိမိတို့ရဲ့ဒေသ အခြေအနေ၊ အချိန်အခါ နဲ့ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ခွင့် ပေးခြင်းအားဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မြန်ဆန်ထိရောက် အောင်မြင်စေနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းဆိုင်ရာ ကိစ္စများနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား-

အခုဆက်လက်ပြီး ရှင်းလင်းတင်ပြမှာကတော့ စီမံခန့်ခွဲရေးကဏ္ဍမှာ အကျုံးဝင်တဲ့ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်းများဆိုင်ရာ ကိစ္စဖြစ်ပါတယ်။ ကျွန်တော် အထက်က ရှင်းလင်းတင်ပြခဲ့သလို နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတက ချီးမြှင့်အပ်နှင်းတဲ့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များကလည်း မိမိတို့ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ အခါအားလျော်စွာ ချီးမြှင့်သင့် ချီးမြှင့်ထိုက်တဲ့ ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်လက်မှတ်များနဲ့ ဂုဏ်ထူးဆောင်ပစ္စည်းများကို ချီးမြှင့်ကြမှာဖြစ်ပါတယ်။ အဲဒီလို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များက ဂုဏ်ထူးဆောင်လက်မှတ်များနဲ့ ဂုဏ်ထူးဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်နိုင်ရေးနဲ့စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်တဲ့အခါ ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ဂုဏ်ထူးဆောင်လက်မှတ်နဲ့ဂုဏ်ထူးဆောင်ပစ္စည်းများဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား-

အခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို စုစည်းတင်ပြရမယ်ဆိုရင်-

၁။ စည်ပင်သာယာရေး၊
၂။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
၃။ ဂုဏ်ထူးဆောင်လက်မှတ်များနဲ့ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ

ဖြစ်ပါတယ်။

ဒါကြောင့် ဖော်ပြပါ ကိစ္စရပ်တွေနဲ့စပ်လျဉ်းလို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံ ရမယ့်မူများ ချမှတ်သင့် မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ။

မင်္ဂလာဆည့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ မိုးသီတာခြံနေ ဦးကျော်ဇော-ဒေါ်သီတာ(မန်းညွန့်စတိုး ဈေးချို)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးဇော်ထက်

B.A (D.S.A) M.A (Geography), Final Part (1)

နှင့်

မြစ်ကြီးနားမြို့နေ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း-ဒေါ်တင်စိန်
တို့၏ သမီးဦး

မခင်အိအိထွန်း

B.Sc (Maths) B.C.Sc

တို့၏ ၁၅-၅-၂၀၀၄ရက် (စနေနေ့)မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင် စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ဖွဲ့ ရွှေဆွဲကြိုး ချီးမြှင့်ပေးပါသော တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့ တို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်စိုးနွယ်၏ ဇနီး၊ ဗိုလ်မှူးချုပ် ကျော်ဦးလွင်၏ ဇနီး၊ မင်္ဂလာ လက်ဖွဲ့ပေးပို့ချီးမြှင့်သော ဗိုလ်မှူးကြီး မြင့်ဟိန်းနှင့်ဇနီး၊ စစ်ဘက် နယ်ဘက်မှ အကြီးအကဲများ၊ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူး ဗိုလ်မှူးဝင်းသူ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ချစ်ဖူးငုံ တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မခင်မိမိထွန်း၊ သတို့သားအရန် ဗိုလ်ကြီးကျော်မင်းထွဋ်၊ သတို့သမီးအရန် မစန္ဒီစိုး၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော ကိုကိုဦး၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော ကိုပေါက်(ပန်းနုရောင်)နှင့်အဖွဲ့၊ နေ့သင်းစတား ဗီဒီယိုမှတ်တမ်းအဖွဲ့၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာလက်ဖွဲ့ပေးပို့ကြသော ရပ်ဝေးမှအရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟ များ၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အစစအရာရာ ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်ထက်-မခင်အိအိထွန်း။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်စိုးထွေးမင်း(ခ)သားချို ၁၀/မလမ(နိုင်)၁၂၃၂၂၅နှင့် မခင်ကြည် (ခ) မခင်မာလွင် ၁၂/မဂတ(နိုင်)၀၇၂၄၉၃တို့သည် ၂၀-၅-၂၀၀၄ရက်တွင် တာမွေမြို့ တရားရုံး ဒုတိယမြို့နယ်တရားသူကြီး ဦးကြည်ဝင်း၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

မောင်စိုးထွေးမင်း
၁၀/မလမ(နိုင်)၁၂၃၂၂၅

မွန်ပြည်နယ်အတွင်း စပါးတင်းသိန်း ၅၀၀ကျော်ထွက်ရှိ ဆန်ဖူလုံရုံမကတင်းသိန်း၉၀ကျော်ပိုလျှံ စိုက်ပျိုးမြေအပြည့်အဝအသုံးချနိုင်ခြင်းကြောင့် တင်းသိန်း ၁၀၀ကျော်ပိုလျှံထွက်ရှိရေးမျှော်မှန်း

ရန်ကုန် မေ ၂၀

မွန်ပြည်နယ်ပေါင်မြို့နယ်ရှိ ကျုံထော်ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၉နာရီက အဆိုပါ ရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ ကျုံထော်ရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင်–

သိရှိခံစားခဲ့

မွန်ပြည်နယ်အတွင်းရှိ ပေါင်မြို့နယ် ကျုံထော်ဒေသသည် မိုးရာသီ၌ မိုးရေချိန်လက်မ ရာကျော်ရွာသွန်းပြီး ဒီရေတက်ချိန်နှင့် ဆုံသည့်အခါ လယ်မြေများ ရေနစ်မြုပ်လေ့ရှိသည့်ဒေသဖြစ်ကြောင်း၊ ရေနုတ်နိုင်ခြင်းမရှိ၍လည်း လယ်ယာမြေများ ရေလွှမ်းမိုးမှုဒဏ်ကို အမြဲတမ်းခံခဲ့ကြရကြောင်း၊ နွေရာသီတွင် စပါးစိုက်ရန် အဆင်ပြေသော်လည်း ရေငန်ဝင်ရောက်မှုကို မဟန့်တား၊ မတားဆီးနိုင်ခဲ့သည့်အတွက် စပါးအထွက်နှုန်းကျဆင်းမှုနှင့် ကြုံတွေ့ခဲ့ရသည်ကို ဒေသခံပြည်သူများ သိရှိခံစားခဲ့ကြပြီးဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

ဤသည်ကိုသိရှိသည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ရေနက်ကွင်းများဟာ တိုင်းပြည်ရဲ့ရတနာ၊ တိုင်းပြည်ရဲ့ သယံဇာတများဖြစ်၍ တိုင်းပြည်အတွက် အကျိုးရှိအောင် ဖော်ထုတ်အသုံးချရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်ကြောင်း။

အကျိုးတရားများခံစားရ

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဤဒေသအတွင်းတွင် မိုးရာသီ၌ ရေနစ်မြုပ်ခြင်းမှ ကာကွယ်ရေး၊ နွေရာသီ၊ ရေငန်ဝင်ရောက်မှုမှ တားဆီးနိုင်ရေးတို့အတွက် ကျုံထော်ချောင်း၌ ရေထိန်းတံခါးတည်ဆောက်တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤကျုံထော် ရေထိန်းတံခါးတပ်ဆင်တည်ဆောက်ပေးခဲ့ခြင်းအားဖြင့် ချောင်းဘေးဝဲယာရေနက်ကွင်းဒေသများ၌ စပါးအချိန်မီ စိုက်ပျိုးနိုင်ခြင်း၊ စိုက်ဧကတိုးတက်လာစေခြင်း၊ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေခြင်းစသည့် အကျိုးတရားများ ခံစားလာကြရမှာဖြစ်ကြောင်း။

အကျိုးပြုနိုင်

ဤကျုံထော်ရေထိန်းတံခါးကို အသုံးပြုပြီး နွေရာသီတွင် လယ်မြေများ ရေငန်မဝင်အောင် တားဆီးနိုင်မှာဖြစ်ပြီး မိုးရာသီတွင်လည်း ရေလျှံ၊ ရေလွှမ်းသည့်ဒဏ်မခံကြရအောင် အချိန်မီ ရေထုတ်ပေးနိုင်တော့မှာဖြစ်ကြောင်း၊ ထို့အပြင် မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းခြင်းနှင့် ဒီရေတက်ချိန်တွင်လည်း ကုန်းတွင်းသို့ရေမဝင်နိုင်အောင် ကာကွယ်ပေးခြင်းပြုနိုင်မှာဖြစ်သည့်အတွက် ကုန်းတွင်းပိုင်း ရေနက်ကွင်းဒေသများ၌ စိုက်ပျိုးသီးနှံများကို အချိန်စောပြီး စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း၊ ကျုံထော်ရေထိန်းတံခါးသည် လယ်မြေဧကပေါင်း နှစ်သောင်းကျော်ကို အကျိုးပြုနိုင်မှာ ဖြစ်ကြောင်း။

ကျခံသုံးစွဲ

မွန်ပြည်နယ်အတွင်းတွင် မိမိတို့အစိုးရလက်ထက်၌ ရေလှောင်တမံ၊ ရေလွှဲဆည်ငါးခု တည်ဆောက်ပေးခဲ့ပြီး ရေထိန်းတံခါးအနေဖြင့် ဇိုက္ကရဲရေထိန်းတံခါးနှင့် ယခု ကျုံထော်ရေထိန်းတံခါးနှစ်ခုတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း အခြေအနေပေးသည့်ဒေသများတွင် လိုအပ်သလို ဆည်၊ တမံ၊ ရေထိန်းတံခါးများ ထပ်မံတည်ဆောက်ပေးသွားဦးမှာဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုလျှင် ဤကျုံထော်ရေထိန်းတံခါအပါအဝင် ဆည်တမံလုပ်ငန်းပေါင်း ၁၆၀ရှိခဲ့ပြီး တစ်နိုင်ငံလုံး၏ လယ်မြေဧကပေါင်း နှစ်သန်းကျော်ကို အကျိုးပြုနေပြီးဖြစ်ကြောင်း၊ ယင်းဆည်တမံပေါင်း ၁၆၀ အတွက် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ခုနစ်သောင်းကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်က ဤကဲ့သို့ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံပြီး မိမိတို့ပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာရေး၊ ကျေးလက်ဒေသများ၏ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းပြီး ကွာဟမှုနည်းလာစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် မွန်မြတ်သည့်စေတနာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေသခံ တောင်သူလယ်သမားများ၊ ပြည်သူများကလည်း နိုင်ငံတော်၏ စေတနာနှင့်မွန်မြတ်သည့် ရည်ရွယ်ချက်တို့ကို သိရှိနားလည်

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျုံထော်ရေထိန်းတံခါးကို တွေ့ရစဉ်။

သည်နှင့်အညီ ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများကို အကျိုးရှိစွာ ထိထိရောက်ရောက် အသုံးပြုပြီး မိမိဒေသ၊ မိမိနိုင်ငံ၊ မိမိလူမျိုးကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်စေရန် နိုင်ငံတော်နှင့်အတူလက်တွဲ ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပြည့်ပြည့်ဝဝကြိုးစားအားထုတ်

မွန်ပြည်နယ်သည် ယခုနှစ်တွင် မိုးစပါးနှင့် နွေးစပါးပေါင်းတင်းသိန်း ၅၀၀ကျော်ထွက်ရှိပြီး ဒေသဆန်ဖူလုံရုံသာမက တင်းသိန်း ၉၀ကျော် ပိုလျှံသည့် ပြည်နယ်လည်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ ကြိုးပမ်းအားထုတ်မှုများနှင့် စိုက်ပျိုးမြေများအပြည့်အဝ အသုံးချနိုင်ခြင်းကြောင့် လာမည့်နှစ်တွင် ဆန်စပါးတင်းသိန်း ၁၀၀ကျော် ပိုလျှံထွက်ရှိရေး မျှော်မှန်းနိုင်မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချရန် အရေးကြီးသကဲ့သို့ သီးနှံတစ်ဧက အထွက်နှုန်းတိုးတက်ရေး၊ အလေအလွင့်နည်းပါးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ပိုင်းက လုပ်ပေးစရာရှိသည်များကို လုပ်ပေးသကဲ့သို့ တောင်သူလယ်သမားများကလည်း စိုက်ပျိုးရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ပြည့်ပြည့်ဝဝကြိုးစားအားထုတ်လုပ်ကိုင်ကြရန် အထူးမှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်၏ မှန်ကန်သည့် ပြည်သူ့အကျိုးဖြစ်စေမည့် လမ်းညွှန်မှုအောက်တွင် ဒေသခံပြည်သူတစ်ရပ်လုံးသည် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်ကာ ဥမကွဲသိုက်မပျက်စည်းစည်းလုံးလုံးပူးပေါင်းပါဝင်ကြမှ ဒီမိုကရေစီ နိုင်ငံဖြစ်သော စစ်မှန်၍ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးကို အလျင်အမြန် ရောက်ရှိနိုင်မှာဖြစ်ကြောင်း။

ဒီမိုကရေစီဆိုသည့် စကားကို ထည်လဲအသုံးပြုပြီး ပြည်သူအတွက် အကျိုးမပါ လက်တွေ့မကျသော စည်းရုံးပြောဆိုမှုများကိုလည်း နားမယောင်ကြရန် တိုက်တွန်းလိုကြောင်းစသဖြင့် ပြောကြားသည်။ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့်မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က အမှာစကား အသီးသီးပြောကြားကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် သထုံခရိုင်ပေါင်မြို့နယ်ဒေသခံပြည်သူများကိုယ်စား ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာအုပ်စုသဖြူချောင်ကျေးရွာမှ ဒေသခံ တောင်သူလယ်သမားကြီး ဦးထွန်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် တာဝန်ရှိသူများသည် ကျုံထော်ရေထိန်းတံခါးကမ္ပည်းကျောက်စာတိုင်ရှေ့တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျုံထော်ရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ဝဲအပေါ်ပုံ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ကျုံထော်ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

သောင်းသောင်းဖြဖြဂုဏ်ပြု

ထိုအချိန်တွင် တက်ရောက်လာကြသူများက ရောင်စုံမိုးပျံပူဖောင်းများ လွှတ်တင်၍လည်းကောင်း၊ ဘင်ခရာ၊ ပန်းဖွားနှင့် မင်္ဂလာစည်တော်အဖွဲ့တို့က သီဆိုတီးမှုတ်ကခုန်၍လည်းကောင်း ကျုံထော်ရေထိန်းတံခါးအောင်မြင်စွာ ဖွင့်လှစ်မှုကို သောင်းသောင်းဖြဖြဂုဏ်ပြုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျုံထော်ရေထိန်းတံခါးမှတာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ကျုံထော်ရေထိန်းတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျခံသုံးစွဲ

ယခုဖွင့်လှစ်လိုက်သော ကျုံထော်ရေထိန်းတံခါးကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၆)မှ တာဝန်ယူတည်ဆောက်ခဲ့ပြီး နိုင်ငံတော်ကငွေကျပ် ၅၃၅ဒသမ၁၅ သန်းခန့် ကျခံသုံးစွဲခဲ့သည်။

ကျုံထော်ရေထိန်းတံခါးသည် မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ချောင်းဘေးတွင်တည်ရှိပြီး အကျယ်၆ပေ၊ အမြင့်၁၂ပေရှိသော ကွန်ကရစ်ရေတံခါး ၂၇ပေါက်ဖြင့် ရေထုတ်ရေသွင်း ပြုလုပ်ပေးမည်ဖြစ်သည်။

ကျုံထော်ရေထိန်းတံခါးတွင် အလျားပေ ၇၀၀ ရှိ ရေခေါ်မြောင်းမကြီးနှင့် အလျားပေ ၅၀၀ ရှိ ရေထုတ်မြောင်းမကြီးတို့ပါဝင်ပြီး မိုးရာသီတွင် ပင်လယ်ဒီရေတက်မှုကြောင့် လယ်များရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပြီး မိုးရာသီတွင် ကုန်းတွင်းပိုင်း၌ တင်နေသောရေများကိုလည်း ဆောလျင်စွာ ထုတ်နုတ်နိုင်မည်ဖြစ်သည်။

ဧက ၂၂၀၀၀ ကျော် အကျိုးပြုစေမည်

ထို့အပြင် မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းခြင်းနှင့် နွေရာသီတွင် ရေငန်ဝင်ရောက်ခြင်း၊ သထုံ–ကျုံထော်မြောင်းနှင့် ကျုံထော်ချောင်းတို့ကို နုန်းတက်ခြင်းတို့မှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် သထုံ–ကျုံထော်တူးမြောင်း

(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ(အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ

မြန်မာ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲမည်

ရန်ကုန် မေ ၂၀

(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်(အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ၂၀၀၄ ခုနှစ် ဇွန် ၂၁ ရက်မှ ၂၇ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ မြန်မာလူငယ်(အမျိုးသမီး)ဘော်လီဘောအသင်းပါဝင်ဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိသည်။ ပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် အိမ်ရှင်စင်ကာပူအသင်းတို့ ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိသည်။

ပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိပြီး မြန်မာလူငယ် ဘော်လီဘော (အမျိုးသမီး)အသင်းအနေဖြင့် (၁၂)ကြိမ်တွင် (၃)ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၁၉၉၂ ခုနှစ်တွင် ကြေးတံဆိပ်နှင့် ၁၉၉၄ ခုနှစ် ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဆုတံဆိပ်မရရှိခဲ့ချေ။ (၁၀)ကြိမ်မြောက်မှ (၁၂)ကြိမ်မြောက်အထိ (၃)ကြိမ် ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပေ။ ယခု (၁၃)ကြိမ်မြောက် ပြိုင်ပွဲကျမှသာ ပဏာမ လူငယ်လက်ရွေးစင် (အမျိုးသမီး)အသင်းကို အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် အမှုဆောင်များ၏ ကြပ်မတ်ဆောင်ရွက်မှု၊ ပံ့ပိုးမှု၊ နည်းပြချုပ် ဦးစိုးသိန်း (မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အတွင်းရေးမှူး)၊ နည်းပြဆရာ ဦးအုန်းရှိန် (မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး)နှင့် လက်ထောက်နည်းပြ ဦးမြတ်ချိုဝင်း (ပို့ဆောင်ရေး)တို့၏ အနီးကပ် ကြပ်မတ်ဆောင်ရွက် ပြသပေးမှုများဖြင့် ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–သိန်းဝင်းလေး

ပို့ဆောင်ရေးအမျိုးသမီးအသင်းနှင့် ပဏာမလူငယ်အမျိုးသမီး လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာလူငယ် အမျိုးသမီး ဘော်လီဘောအသင်းအား မတ် ၂၈ ရက်မှစ၍ ပဏာမလူငယ် ၁၄ ဦးကို ပြည်နယ်နှင့် တိုင်းပြိုင်ပွဲနှင့် ဝန်ကြီးဌာနများမှ ရွေးချယ်ကာ ကျိုက္ကဆံကွင်းရှိ မိုးလုံလေလုံအားကစားရုံတွင် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

နည်းပြဆရာ ဦးအုန်းရှိန်သည် ၁၉၆၈ မှစတင်၍ ချင်းပြည်နယ်အသင်းမှ ပါဝင်ကစားပြီး လက်ရွေးစင်ဘဝဖြင့် ၁၉၇၈ ခုနှစ်အထိ ၁၀ နှစ်တာ ကာလအထိ လက်ရွေးစင်ဖြစ်ခဲ့ပြီး အမိနိုင်ငံအတွက် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုကို ရယူပေးနိုင်ခဲ့သည်။ ၁၉၆၉ ခုနှစ် မြန်မာနိုင်ငံ၌ ကျင်းပသည့် (၅)ကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် အမိနိုင်ငံအတွက် ရွှေတံဆိပ်ကို ရယူပေးခဲ့ပြီး ၁၉၇၁ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသည့် (၆)ကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် ငွေ၊ ၁၉၇၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် အသင်းခေါင်းဆောင်တာဝန်ဖြင့် ရွှေဆုကိုရယူပေးနိုင်ခဲ့ပြီး အကောင်းဆုံး အားကစားသမားအဖြစ် သတ်မှတ်ခြင်းခံရသည်။ ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမိနိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးနိုင်ခဲ့ပြီး ၁၉၈၁ခုနှစ်တွင် ဂျပန်နိုင်ငံရှိ စုကုတ တက္ကသိုလ်တွင် နည်းပြသင်တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့ပြီး အားကစားသမားဘဝ၊ နည်းပြဆရာတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပြီး အုပ်ချုပ်သူဘဝတွင်လည်း ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း အုပ်ချုပ်သူအဖြစ် တာဝန်ယူခဲ့ပြီး ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားအသင်း အုပ်ချုပ်သူအဖြစ် လိုက်ပါ ဆောင်ရွက်ခွင့်ရပြီး နိုင်ငံအတွက် ကြေးတံဆိပ်ကိုလည်းကောင်း ရယူပေးနိုင်ခဲ့သည်။

ပို့ဆောင်ရေး နှင့် လက် ရည် စမ်း ပွဲ တွင် နည်းပြဆရာ ဦးအုန်းရှိန်က အရှေ့တောင်အာရှပွဲ ပါဝင် ယှဉ်ပြိုင်မည့် မြန်မာ လူငယ် အမျိုးသမီး အသင်းအား လိုအပ်ချက်များ သင်ကြားပြသစဉ်။

ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

မေ ၁၇ ရက်နံနက်ပိုင်းက စာရေးသူသည် ပို့ဆောင်ရေးနှင့် ပဏာမလူငယ်အမျိုးသမီး လက်ရွေးစင်ဘော်လီဘောအသင်းတို့၏ ပြိုင်ပွဲရှိရာ ကျိုက္ကဆံကွင်းရှိ မိုးလုံလေလုံ အားကစားရုံသို့ သွားရောက်၍ နည်းပြဆရာ ဦးအုန်းရှိန်နှင့် တွေ့ဆုံကာ လေ့ကျင့်မှု နည်းစနစ်ပိုင်းနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၏ နေထိုင် စားသောက်မှုများကို တွေ့ဆုံမေးမြန်းခဲ့သည်။

နည်းပြဆရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းရှိန်(အား/ကာ)က ယခုပြိုင်ပွဲဝင်မည့် မြန်မာလူငယ် အမျိုးသမီး ဘော်လီဘောအသင်းကို မိမိနှင့် လက်ထောက် နည်းပြဆရာ လက်ရွေးစင်ဟောင်း ဦးမြတ်ချိုဝင်း (ပို့ဆောင်ရေး)တို့က မတ် ၂၈ရက်တွင် ပဏာမလူငယ်လက်ရွေးစင် ၁၄ဦးဖြင့် စတင်လေ့ကျင့်ပြီး ဧပြီလတွင် ပဏာမ လူငယ် ၁၄ ဦး အနက်မှ ၁၃ ဦးဖြင့် လေ့ကျင့်မှုပြုခဲ့ကြောင်း၊ နေ့စဉ် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ၊ ညနေ ၃ နာရီခွဲမှ ၅ နာရီအထိ တစ်နေ့နှစ်ကြိမ် လေ့ကျင့်ကြောင်း၊ တနင်္ဂနွေနေ့ တစ်နေ့သာ အားပြီး သင်္ကြန်ကာလတွင်ပင် နားရက်မပေးဘဲ ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း၊ မတ်လကုန်ခါနီးမှ ဧပြီလအထိ ကြံ့ခိုင်မှုကို ဦးစားပေး လေ့ကျင့်ကြောင်း၊ မေလ ၁ ရက်မှစ၍ နည်းစနစ်နှင့် နည်းဗျူဟာပိုင်းကို အဓိကထား၍ လေ့ကျင့်လျက်ရှိကြောင်း၊ တစ်ဦးချင်း ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေ့စဉ်ကျွေးမွေးမှု အနေဖြင့် အမျိုးသား ပဏာမလူငယ်လက်ရွေးစင်နည်းတူ မနက်၊ နေ့လယ်၊ ညနေစာများကို တစ်ဦးလျှင် ပျမ်းမျှ ၁၅၀၀ ကျပ်နှုန်းဖြင့် နေ့စဉ် ကျွေးမွေးနေကြောင်း၊ မိမိကလေးများ၏ ပျမ်းမျှအရပ်မှာ ၅ ပေ ၇လက်မ ရှိကြောင်း၊ အုပ်ချုပ်မှုပိုင်းက ပံ့ပိုးမှုကောင်းသလို နည်းပြပိုင်းကပါ မိမိတို့အောင်မြင်ခဲ့သည့်နည်းတူ မိမိကလေးများ အောင်မြင်ရန် ကြိုးစားအားထုတ်ပြသပေး၍ ကလေးများအနေနှင့် စိတ်ဓာတ်တက်ကြွလျက် ကြိုးစားအားထုတ်မှု အထူးကောင်းမွန်ကြောင်း စသဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ပဏာမလူငယ် ၁၃ ဦးမှာ ပင့်ဘော ကစားသမားအဖြစ် ပို့ဆောင်ရေးမှ စန္ဒာဌေးနှင့် ကာကွယ်ရေးမှ သန္တာခိုင်၊ တည်ချမ်း အမြင့်ဘော အရိုက်သမားများအဖြစ် ကာကွယ်ရေးမှ ချိုချိုဝင်း၊ ဆောက်လုပ်ရေးမှ အင်/ဆန်း၊ ပို့ဆောင်ရေးမှ ဖြိုးပိုပိုထွေးနှင့် အင်စွမ်း၊ ညာချမ်းအမြင့်ဘော အရိုက်သမားများအဖြစ် ပို့ဆောင်ရေးမှ မို့မို့စန်း၊ အေးအေးနုနှင့် ယဉ်နှင်းဖြူ၊ ဗဟိုကစားသမား (ပိတ်ဆို့သူ)များ အဖြစ် ကာကွယ်ရေးမှ ရတနာဝင်းနှင့် ဇူးဇူးမောင်၊ ပို့ဆောင်ရေးမှ ထက်ထက်လှိုင်နှင့် အေးနန္ဒာလွင်တို့အား ရွေးချယ် လေ့ကျင့်ပေးလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ပို့ဆောင်ရေးအသင်းနှင့် လက်ရည်စမ်းပွဲမကျင်းပမီ ပဏာမ မြန်မာ လူငယ် ဘော်လီဘော(အမျိုးသမီး)အသင်းအား နည်းပြဆရာများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြခန်း

မေ ၁၉ရက်က မြန်မာတုန်းတာ ကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန၌ ကျင်းပရာ အရောင်းပြခန်းများအား တွေ့ရစဉ်။

(မြန်မာ့အလင်း)

အမှတ် ၄၇ ရွှေဘုံသာလမ်း ရန်ကုန်မြို့နေ ကွယ်လွန်သူ သား (မောင်သူရဇော်)အား ရည်စူး၍ ဦးသောင်းတင်– ဒေါ်အေးအေး မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့် ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးတို့က လက်ခံရယူကြစဉ်။

(က–ပ)

21-5 (16).p65 1 03/24/1905, 9:17 PM

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက်
သီရိရောလမ်း၊ အမှတ်(၅၀)နေ
ဦးတင်ကြည်(တ-က-က(ရေ)-ငြိမ်း)-ဒေါ်နီတို့၏သားထွေး
မောင်ကျော်ဦး B.Sc (Bot)
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
နှင့်
ရန်ကုန်တိုင်း လှည်းကူးမြို့နယ်-ဒါးပိန်မြို့ ခိုင်သဇင်လမ်းနေ
ဦးခင်ဇော်(MPPE)-ဒေါ်သန်းယဉ်တို့၏သမီး
မဥမ္မာဇော် Final Year (Eco)

တို့၏ ၁၆-၅-၂၀၀၄ ရက်တွင်ပြုလုပ်သော ထိမ်းမြားမင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပြီး မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(ငြိမ်း)ဦးနိုင်ဦးနှင့်ဇနီးဒေါ်ခင်ခင်ဌေးအား လည်းကောင်း၊ မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပေးသော မရမ်းကုန်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဦးဇော်မင်းနိုင်အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ဦး-မဥမ္မာဇော်။

YOUTH-E.T.T
အီလက်ထရွန်နစ်ပညာအတတ်သင်တန်း

* TV,VCR လျှပ်စစ်ပစ္စည်းများကို အခြေခံမှစ၍ တတ်ကျွမ်းသည်အထိ သင်ကြားပေးမည်။
* မြန်မာစာရေးတတ်၊ ဖတ်တတ်သူတိုင်းတတ်မြောက်စေရမည်။
* ဂြိုဟ်တု၊စလောင်းဖမ်းယူတပ်ဆင်နည်းနှင့် ပြုပြင်နည်းများကို ထည့်သွင်းသင်ကြားမည်။ (ဂြိုဟ်တု၊စလောင်းသီးသန့်သင်တန်းရှိသည်။)
* သင်တန်းအထောက်အကူပြုပစ္စည်းများကို သင်တန်းမှထုတ်ပေးမည်။ (လက်တွေ့ ၈၀ ရာခိုင်နှုန်း + စာတွေ့ ၂၀ ရာခိုင်နှုန်း) စနစ်ဖြင့် သင်ကြားပေးမည်။
* ဝါရင့်နည်းပြဆရာများ ကြီးကြပ်သင်ကြားပေးသည်။

နယ်သင်တန်းသားများ နေရေး၊စားရေးစီစဉ်ပေးမည်။

ဆက်သွယ်ရန်-တိုက် ၆၊ အခန်း ၀၀၁၊ မြိုင်ဟေဝန်အိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ရန်ကုန်မြို့။ ဖုန်း-၇၂၅၄၆၉



ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Project Engineer (B.E) ကျား၊မ (၂) ဦး
(အနည်းဆုံး (၃)နှစ် လုပ်ငန်းအတွေ့အကြုံရှိရမည်)
(၂) Assistant Engineer B.Sc(I.C) ကျား၊ မ (၄) ဦး
(အနည်းဆုံး (၁) နှစ်လုပ်ငန်းအတွေ့အကြုံရှိရမည်။)

လျှောက်ထားသူသည် ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ မျှော်မှန်းလစာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံကို အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

အမှတ် (၁၅)၊ သုမင်္ဂလာ ၁ လမ်း၊ သုမင်္ဂလာအိမ်ရာ
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၇၁၆၉၄၊ ၅၆၅၁၄၆၊ ၇၀၁၆၉၈။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
အမှတ်၁၀၂/၁၀၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
၂၅၀ ကီလိုဝပ် ဒီဇယ်အင်ဂျင်ဓာတ်အားပေးစက် ဝယ်ယူလိုကြောင်း
ချိပ်ပိတ်တင်ဒါကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလက်အောက်ရှိ ရွှေဘိုမြို့ အမှတ်(၀၂၁) ဖွဲနုဆီစက်အတွက် လိုအပ်သော ၂၅၀ကီလိုဝပ်၊ ဒီဇယ်အင်ဂျင်ဓာတ်အားပေးစက် အသစ်တစ်လုံးကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် နိုင်ငံသားပိုင် ကုမ္ပဏီများ၊ နိုင်ငံခြားသားများနှင့် ဖက်စပ် လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၊ ရောင်းဝယ်ရေး လုပ်ငန်းများမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဒီဇယ်အင်ဂျင်ဓာတ်အားပေးစက်ကို ချိပ်ပိတ်တင်ဒါတင်သွင်းလိုပါက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံးချုပ် တတိယထပ်ရှိ ဖွဲနုဆီစက်ဌာနတွင် သတ်မှတ်ထားသော တင်ဒါစည်းကမ်းပုံစံများဝယ်ယူ၍ ဈေးနှုန်းတင်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များကို သိလိုပါက ဖွဲနုဆီစက်ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါပိတ်ရက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါပိတ်ရက် ၃၁-၅-၂၀၀၄ (တနင်္လာနေ့) ၁၆:၀၀ နာရီတိတိဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (ရုံးချုပ်)။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မထက်အေးအောင် (2nd°°M.B.I.M ၊ မကွေး) ၏ ဖခင် ဦးမြတ်သူသည် ၁၆-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေမြိုင် ၁/၂၊ နှင်း၊ ထက်
2nd°°M.B.I.M ၊ မကွေး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့ ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၀၀၄ ခုနှစ် မေလ ၁၅ ရက်

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အထူး ရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှရတနာကုန်သည်များနှင့် တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။

(ခ) နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက်အခြေအနေများ လေ့လာနိုင်ရန်။

(ဂ) ပြည်ပမှ ရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။

(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့်ရောင်းချရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ် မေလ ၂၅ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



Apstar Electronic
ဂြိုဟ်တုစလောင်း တပ်ဆင်ရေး
ဆိုင် (၁) ဖုန်း ၆၆၁၁၈၉
(၂) ဖုန်း ၆၅၃၂၂၈

အမည်ပြောင်း
အထက(၃)ဗိုလ်တထောင်၊သတ္တမတန်း(ဂ)မှ အဖဦးဆမ်ပေါင်း၏သမီး မငယ်ငယ်(ခ)ယေမိန်ထက် ၁၃/တယန (နိုင်) ဝ၄၁၅၂၈အား ယေမိန်ထက်ဟုပြောင်းလဲခေါ်ပါရန်။
မယေမိန်ထက်။

အထူးနှုန်း ဦးရာလူရမည်
(အသုံးပြုဆဲ)
မိတ္တူကူးစက် Canon NP 3225 Ibico ပလတ်စတစ်လောင်းစက် GBC ပလတ်စတစ်ရိုက်န်း စာအုပ်ချုပ်စက် မြဂန္ဓမာဈေးအနီး မရမ်းကုန်း။
ဖုန်း-၆၆၇၂၈၅။

ကိုယ်တိုင်ရောင်းမည်
ရေကျော် မဟာဘောဂလမ်း၊ ၁၅ ပေ x ပေ ၅၀ GF,HK နှစ်လွှာ ရေ၊မီး၊ဖုန်း၊AirCon ကြွေပြားကပ် ပြင်ဆင်ပြီး။
ဖုန်း-၅၆၁၅၉၆၊ ၀၉ ၅၀ ၁၉၇၁၃

အမည်ပြောင်း
အဖ ဦးမင်းဇော်၏သား ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း စတုတ္ထတန်း (D)မှ မောင်အောင်ခန့်ဇော်အား မောင်အောင်စည်သူခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်စည်သူခန့်။**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ဝင်းဆွေ(C.D.C) ၂၅၀၇၅ ၏ (4°Ticket) လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ **ဖုန်း-၀၉၅၀-၁၇၁၃၃။**

၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီ တော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာတွင် ဖူးမြော်ကြည်ညိုရသည့် မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါအတိုင်း ကဏ္ဍများခွဲခြား ကျင်းပသွားမည်ဖြစ်ပါသည်။

ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံကဏ္ဍ	–	ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့နှစ်သက်ရာရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ	–	စေတီတော်ဝတ္တကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်းဇရပ်၊ စောင်းတန်း၊ ရေတွင်းရေကန်၊သစ်ပင်ပန်းမန်အစရှိသော သာသနိကဝတ္ထုပစ္စည်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ	–	စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်များ၊ ရဟန်းခံရှင်ပြု အလှူပွဲများ၊ ဝတ်ရွတ်၊ ဆွမ်းတော်ကပ်၊ တံမြက်လှဲ၊ ရေချမ်းကပ်၊ ဆီမီးပူဇော်၊ ရောင်တော်ဖွင့်စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရိုက်ကူးကာလနှင့် ဓာတ်ပုံအရွယ်အစား	–	၁-၁-၂၀၀၃ ရက်မှ ၁၅-၉-၂၀၀၄ ရက်အတွင်း ရိုက်ကူးသည့် ၁၂လက်မ X ၁၈ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ။
ပေးပို့ရမည့်ဓာတ်ပုံအရေအတွက်	–	အရေအတွက်အကန့်အသတ်မရှိ။
ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန်	–	၁၅-၉-၂၀၀၄ ရက်၊ ညနေ ၄ နာရီ။
ဆုချီးမြှင့်ခြင်း(တစ်ကဏ္ဍချင်းအတွက်)	–	ပထမဆု ကျပ် ၃၀၀၀၀၀
	–	ဒုတိယဆု ကျပ် ၂၀၀၀၀၀
	–	တတိယဆု ကျပ် ၁၀၀၀၀၀
	–	နှစ်သိမ့်ဆု ငါးဆု ကျပ် ၅၀၀၀၀ စီ
ဓာတ်ပုံပေးပို့ရန်လိပ်စာ	–	မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇-၂၉)၊ ၃၅ လမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဆက်သွယ်စုံစမ်းရန်	–	မြန်မာနိုင်ငံဓာတ်ပုံအသင်း ဖုန်း-၃၇၃၁၆၇ နှင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၊ ဖုန်း-၂၅၁၈၅၁

STAR ENTERTAINMENT

JOHN LWIN ... STAR ...

... STAR ...

... Postcard size (3)R ...

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန် (၅)၊ မြေကွက်အမှတ် (၄၇၅)၊ ဧရိယာ (၀.၀၈၃) ဧက၊ ဤမြေကွက်အား အမည်ပြောင်းခြင်း၊ ဂရန်ထုတ်ယူခြင်းအတွက် ဦးမောင်ကြည် ၁၂/ဗတထ(နိုင်) ၀၂၉၉၆၂ မှ ဤဦးစီးဌာနသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်မြို့။

MISS ASEAN CULTURE 2004

UMFCCI

Miss ASEAN Culture Myanmar

Miss ASEAN Culture 2004

UMFCCI

Personal Details

Please fill in English Block CAPITAL LETTERS

Name:
Date of Birth (dd/mm/year)___/__/_____Age:__Years
NRC Number:
Farther Name:
Father's NRC No:
Father's Occupation:
Mother Name:
Mother's NRC No:
Mother's Occupation:
Race:__________ Religion:__________
Address:
Township:
City:__________ State/Division:
Telephone No:
Contact details:

Physical Details

Height ___ feet ___ inches
Weight ___ lb
Waist ___ inches Chest ___ inches Hips ___ inches

Education/Occupation

Must have finished 10th Standard

Year 10th Standard finished: ____
Name of School where finished:
Current / Last education Level:
Name of Establishment:
Current Occupation:
Name of Company:
Level of english (can speak)/Please tick below:
☐ A little ☐ Quite well ☐ Very well

Signature of Applicant
Date: __/__/__

Parent / Guardian Signature
Date: __/__/__

SPONSOR

ရုပ်ရှင်ချစ်ပရိသတ်များသို့

ကျွန်တော် သရုပ်ဆောင်ဒါရိုက်တာအဖြစ် ပထမဦးဆုံး ရိုက်ကူးခဲ့သော "ဘာရှာရေးကြီးသုံးလဲ" ရုပ်ရှင်ကားကြီးအား ကြည့်ရှုခံစားပြီး လောကတွင် "ဘာရှာရေးကြီးသုံးလဲ" ဟူသောအဖြေကို အကျိုးအကြောင်း ဖော်ပြချက်နှင့်တကွ မိမိကြည့်ရှုခဲ့သော ရုပ်ရှင်ရုံလက်မှတ်ကိုပူးတွဲလျှက် (၂၁.၆.၂၀၀၄)ရက်နေ့ နောက်ဆုံးထား ပေးပို့စေလိုပါသည်။ အကောင်းဆုံးအဖြေ ပေးနိုင်သူများအား ပထမဆု ငွေကျပ် (၁၀၀၀၀၀)၊ ဒုတိယဆု ငွေကျပ် (၇၅၀၀၀)၊ တတိယဆု ငွေကျပ်(၅၀၀၀၀) နှင့် အထူးဆုများကို လည်းထိုက်တန်စွာ ချီးမြှင့်ပေးသွားပါမည်။ ရုပ်ရှင်ချစ်ပရိသတ်များ အနေဖြင့် "ဘာရှာရေးကြီးသုံးလဲ" ဆိုသော အဖြေကို ဘယ်လိုပေးကြမယ်ဆိုတာ စောင့်မျှော်လျှက်။

သရုပ်ဆောင်ဒါရိုက်တာ "ဇာဂနာ"
သုခမိန် ရုပ်ရှင်ထုတ်လုပ်ရေး
အမှတ်(၂၀၈)၊ ပထမထပ်(၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့နယ်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှု အမှတ်-၁

ဒေါ်မြသက်ရည် နှင့် မောင်ကျော်မောင်
တရားလို
တရားပြိုင်

မောင်ကျော်မောင်သည် အမှတ် ၅၃၂(ခ)၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့(ယခု နေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ် တရားလို မမြသက်ရည်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇွန်လ ၁၆ရက်(၁၃၆၆ခု နယုန်လပြည့်ကျော် ၁၄ရက်နေ့)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် မေ ၁၄ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ကြည်ကြည်ဇော်
မြို့နယ်တရားသူကြီး၊ ဒဂုံမြို့နယ်တရားရုံး။

ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက (၁)၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော မပွားရတနာခန့်၏ ဖခင်အမည်မှန်မှာ ဦးဖွဲ့နိုင် ဖြစ်ပါကြောင်း။
မပွားရတနာခန့်(ဖခင်-ဦးဖွဲ့နိုင်)။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးအဒူဟာဒီ
ဒု-ရဲအုပ်(ငြိမ်း)၊ ဘူးသီးတောင်
အသက်(၉၄)နှစ်
ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၆၉နေ [ဒေါ်အေးစိန်(ခ)အာဇီဇာဘေဂေါမ်]၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊မဟာဗန္ဓုလလမ်း၊ အမှတ် ၁၅၆နေ ဦး Roger ရွှေမောင် (Managing Director of Cyber Base Technology Co., Ltd., and Chairperson & CEO of Cyber World Company Limited)-ဒေါ်တင်တင်ဝင်း (Director of Cyber Base Technology Co., Ltd.) အပါအဝင် ညီအစ်ကိုမောင်နှမ ၁၃ယောက်တို့၏ဖခင်၊ မြေး ၄၁ ယောက်တို့၏ အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ ဘေးသည် ၁၉-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၀ နာရီတွင် ဘူးသီးတောင်မြို့နေအိမ်၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ဇိုဟိုရ်နမာဇ်အပြီးတွင် မူဆလင်သုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။

နာမကျန်းဖြစ်စဉ်ကအထူးဂရုစိုက်ပြီးဆေးကုသပေးခဲ့သော Malteser Germary, NRS မှဆရာဝန်ကြီးနှင့် မေတ္တာဆေးကုခန်းမှ ဆရာဝန်တို့အား ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်ယဉ်ယဉ်မြ (ပြင်ဦးလွင်)
B.Sc (Chem)
အသက်(၄၅)နှစ်
၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ယဉ်ယဉ်မြ နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ရပ်ဝေးရပ်နီးမှတယ်လီဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း သတင်းမေးမြန်း အားပေးနှစ်သိမ့်ကြသော မိတ်ဆွေသင်္ဂဟများအား ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ရှုမဝ ဒေါ်ကြည်သန်း
(ရှုမဝရုပ်စုံမဂ္ဂဇင်းနှင့်ရုပ်ရှင်)
အသက်(၈၈)နှစ်
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်းနေ (ဦးမှတ်-ဒေါ်ငွေသင်)တို့၏သမီးကြီး၊ ရှုမဝဦးကျော်၏ဇနီး၊ ဦးဆွေတင့်-ဒေါ်ကြင်ကြင်ဆွေ၊ ဦးအောင်စိန်-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်ဝင်း(ကဗျာ-မောင်ဇော်ယု)-ဒေါ်စမ်းစမ်းယု၊ ဒေါ်တင့်တင့်သန်း၊ ဦးကျော်မြင့်-ဒေါ်အေးအေးသန်း၊ ဒေါ်ဝေဝေသန်း(ဝေမာ)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ကြည်သန်းသည် ၁၉-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၃ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက်(၇၅)နှစ်
ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်-ဒေါ်ကျင်မြ)တို့၏သမီးကြီး၊ နတ်မောက်မြို့နေ (ဦးဟေးယား-ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ ဒေါ်ကျင်စိန်၊ (ဦးဟင်းငါး)-ဒေါ်တင်ရွှေ(မကွေးမြို့)တို့၏တူမ၊ ရန်ကုန်မြို့၊ အမှတ် ၄၂၊ အင်းလျားလမ်းနေ ဦးတင်ဝင်း(နတ်မောက်)၏ဇနီး၊ ဦးနေဝင်း-ဒေါ်မို့မို့ထွန်း(စိန်ချယ်ရီပွဲရုံ၊ ဘုရင့်နောင်)၊ ဦးကြည်ဝင်း၊ ဦးမျိုးဝင်း-ဒေါ်ခင်မာလာ(Tri Star Co., Ltd.)၊ ဦးသိန်းဝင်း-ဒေါ်စောဥမ္မာ၊ ဦးနိုင်ဝင်း-(ဒေါ်စန်းစန်း)၊ ဦးစိုးဝင်း၊ မမဋ္ဌုသင်းတို့၏မိခင်၊ မမို့မို့နေဝင်း၊ အောင်ပြည့်ဖြိုး၊ အောင်ရဲဝင်း၊ ကောင်းရဲဝင်း၊ ဝင်းဝါအောင်တို့၏အဘွားသည် ၁၇-၅-၂၀၀၄ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် အင်းလျားလမ်းနေအိမ်မှ ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက်(၇၅)နှစ်
ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်-ဒေါ်ကျင်မြ)တို့၏သမီးကြီး၊ ဦးမျိုးညွန့်-ဒေါ်ရီရီ၊ (ဦးတင်ရှိန်)-ဒေါ်ခင်ဝင်းမြင့်၊ ဦးခင်ထွန်း-ဒေါ်ခင်သက်နိုင်၊ ဦးထွန်းအေး-ဒေါ်ခင်စန်းနွဲ့၊ Dr.ကြင်ညွန့်-ဒေါ်ဝင်းဝင်းကြည်၊ ဦးဖေခင်-ဒေါ်ခင်သန်းလွင်၊ ဦးမြင့်သိန်း-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ညွန့်ညွန့်တင်တို့၏အစ်မကြီး၊ တူ တူမ ၂၄ ယောက်တို့၏ကြီးတော်သည် ၁၇-၅-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် အင်းလျားလမ်းနေအိမ်မှ ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
အသက်(၄၁)နှစ်
ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်စဝ်နွန်းခွန်ဆမ်၏ညီမ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း အသက်(၄၁)နှစ်သည် ၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
အုတ်တွင်းမြို့နယ်။

ဒေါ်ညိုစိန် (ထားဝယ်မြို့)
အသက်(၇၄)နှစ်
တနင်္သာရီတိုင်း၊ထားဝယ်မြို့၊ကျောက်မော်ရပ်၊ မြိတ်လမ်း၊ အမှတ် ၉၂ နေ (ဦးဘမြ-ဒေါ်မြတင်)တို့၏သမီး၊ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၄၅/A နေ (ဦးမြင့်မောင်)၏ဇနီး၊ ဒေါ်မိမိကြီး(အငြိမ်းစား ဆရာမကြီး)၏ညီမ၊ ဒေါ်နီနီတာ၏ အဒေါ်၊ ကိုကျော်ကျော်အောင်-မအေးမီလှ၏မိခင်သည် ၁၅-၅-၂၀၀၄ရက်တွင် ထားဝယ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ ဝဲကျွန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဦးရင်မောင် (ပဲခူး)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
အသက်(၆၉)နှစ်
ရန်ကုန်မြို့၊ အမှတ် ၁၆(အေ)၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်နေ (ဦးကံသာ-ဒေါ်ကျင်ရွှေ)တို့၏ သား၊ ဒေါ်သိန်းရီ၊ ဦးဝင်းကြည်-ဒေါက်တာဒေါ်ခင်ခင်သက်၊ ဒေါ်ခင်ဝင်းရီ၊ ဦးဝင်းတီ-ဒေါ်သင်းသင်းနိုင်၊ ဒေါ်ခင်ဆွေလုံး၊ ဒေါက်တာဦးထွန်းထွန်း - ဒေါက်တာဒေါ်လဲ့လဲ့ကြည်၊ ဒေါက်တာဦးကျော်ဝင်း-ဒေါ်မော်မော်အေး၊ ဦးခင်မောင်ဝင်း-ဒေါ်ရီရီဦး၊ ဦးသိန်းဝင်းလေး၊ မဆုရတနာနွယ်၊ ဦးမောင်ပု-ဒေါ်ရင်ကြည်၊ ဒေါ်ကြူကြူဝင်း၊ ဦးအောင်ကြည်ဝင်း-ဒေါ်မျိုးမျိုးအေး၊ ဦးထူးအောင်-ဒေါ်နီနီဝင်း၊ မောင်မင်းမင်းစိုး၊ မအေးအေးအောင်၊ မသဉ္ဇာအောင်၊ မောင်အောင်ဇာဟိန်းတို့၏ဦးလေး၊ မြေး ၁၃ ယောက်တို့၏အဘိုးလေးသည် ၁၉-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးငွေးတင်ညွန့် (ဂျိုင့်)
B.A (Law) , LL.B
အသက်(၅၄)နှစ်
ကျောက်ပန်းတောင်းမြို့၊ စံပြရပ်နေ (ရဲဝန်ထောက် ဦးလှညွန့်-ဒေါ်ဒေါ်ရှင်)တို့၏ဒုတိယသား၊ ဒေါ်မြင့်မြင့်ညွန့်၏မောင်၊ ဦးငွေးနွယ်ညွန့် (အထက-၂၊ ကျောက်ပန်းတောင်း)၏အစ်ကို၊ ဒေါ်တင့်တင့်(အထက-၂၊ ရွှေဘို)၏ခင်ပွန်း၊ ဖြူစင်မွန်ညွန့် (B.A)၊ တင့်လွင်ညွန့် (B.A)၊ ဗိုလ်စိုးမိုးညွန့်၊ ဖြိုးဝေညွန့် (UDE)တို့၏ဖခင်သည်၂၀-၅-၂၀၀၄ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက်တွင် ကျောက်ပန်းတောင်းသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်မိုး(ခ)ဒေါ်မြရည်
မန်နေဂျာ(ငြိမ်း)၊
ရန်ကုန်တိုင်းသမအသင်းစု
အသက်(၅၅)နှစ်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊အရိယမဂ္ဂင်လမ်း၊အမှတ် ၁၅ နေ (ဦးအဖုန်-ဒေါ်ကြင်)တို့၏သမီး၊ ဦးစိုးတင့်(ရန်ကုန်တိုင်း သမအသင်းစု၊ မန်နေဂျာ၊ ငြိမ်း)၏ဇနီး၊ ဦးအေးနိုင်-ဒေါ်မြင့်မြင့်ကြည်(မင်္ဂလာဈေး)၊ဒေါက်တာဝင်းကြိုင် - ဒေါ်ကြူကြူလွင် (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးဝင်းနိုင်-ဒေါ်စန်းစန်းရီတို့၏အစ်မ၊ မောင်ဇေယျာစိုး၊ မောင်တေဇာစိုးတို့၏မိခင်၊ မခင်မြတ်နိုးသူ၊ မောင်မြတ်ကိုကိုတို့၏အဒေါ်သည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၀၁း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဆင်မြူရယ်ပြေ
(အလယ်တန်းပြ၊ ငြိမ်း)
အသက်(၆၄)နှစ်
ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အမှတ် ၄၀၄(က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကရင်ခြံရပ်ကွက်နေ (သိက္ခာတော်ရ ဆရာကြီးဦးစောပန်းပြေ-နော်ကဘိသာ)တို့၏သား၊ ဆရာဦးစောကလယ်စေး-နော်ဒွိးနာတို့၏မောင်၊ ဦးစောတာညော (ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)တို့၏ အစ်ကို၊ စောဂေးလ်ဆင်-နော်နီထူး၊ နော်ဆာလောလတို့၏ဦးလေး၊ နော်အိုင်ရင်းထူး၊ နော်ထီးဆဲဂေး၊ နော်ဟဲဂေဂေး၊ စောဖရီးဒန်ဂေးတို့၏အဘိုးသည် ၂၀-၅-၂၀၀၄ရက် နံနက် ၃း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဘင်တန်အောက်မေ့ဖွယ်ဘုရားကျောင်း(အထက-၁)ဝင်း၌ဝတ်ပြုပြီး ရေဝေးကရင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးမြင့်ဆွေ (တင်းနစ်)
(ဒု-လ/ထအကောက်ခွန်မှူး)
အသက်(၅၃)နှစ်
ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ ၃ လမ်း၊ တိုက် ၆၂/၄ နေ (ဦးအေး-ဒေါ်ညွန့်ရီ)တို့၏သား၊(ဦးကျင်သောင်း-ဒေါ်မြသန်းရီ)တို့၏သားသမက်၊ဦးကြည်(တင်းနစ်)-ဒေါ်လှကြည်၊ ဦးကျောင်းအောင်-ဒေါ်အေးရွှေ(ပြေးခုန်ပစ်)တို့၏ ညီ/မောင်၊ ဦးကြည်မင်း-ဒေါ်ကျင်သိန်း(အကောက်ခွန်)၊ ဦးတင်သန်း(တင်းနစ်၊ အကောက်ခွန်) - ဒေါ်ခင်ခင်ဦးတို့၏ အစ်ကို၊ ဒေါ်ငွေးငွေးဝင်း၏ခင်ပွန်းသည် ၁၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ရဟန်းဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၈၁)နှစ်
အမှတ် ၂၂၊ အေးစေတီလမ်း၊ ဆရာစံမြောက်(အရှေ့)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဖိုးသင်-ဒေါ်ထွား)တို့၏ သမီးကြီး၊ (ဦးဖိုးလှ-ဒေါ်ဖွားကြိုင်)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်)၏ဇနီး၊ ဦးအောင်သန်း-ဒေါ်နှင်းကြည်၊ (ဦးအောင်ကြည်-ဒေါ်ညို)၊ (ဦးသန်းညွန့်)-ဒေါ်သန်းသန်းစိန်၊ (ဦးတင်အုန်း)-ဒေါ်ခင်အေး၊ဦးတင်မြင့် - ဒေါ်ခင်ဆွေတို့၏ အစ်မကြီး၊ ဦးကျော်သိန်း-ဒေါ်မြင့်မြင့်သန်း(သိန်းသန်းရတနာ)၊ ဦးမျိုးမြင့်-(ဒေါ်ခင်ညို) ဒေါ်ခိုင်ဇာတင့်၊ ဒေါက်တာဦးကျော်ရှင်-ဒေါ်စမ်းစမ်းကြူ၊ ဦးစိုးတင့်-ဒေါ်လှခင်ကြည်၊ ဦးတင်ထွန်း၊ ဦးခင်ငွေး-ဒေါ်တင်တင်ရီ၊ ဦးအေးနိုင်-ဒေါ်ဖြူဖြူ၊ ဦးသန်းမိုး - ဒေါ်ကြည်ကြည်ခင်တို့၏ မိခင်ကြီးသည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ဂွတ္တလစ်၊အေးစေတီလမ်း၊ အိမ်အမှတ် ၂၂ မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၈၁)နှစ်
အမှတ် ၂၂၊ အေးစေတီလမ်း၊ဆရာစံမြောက်(အရှေ့)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဖိုးသင်-ဒေါ်ထွား)တို့၏ သမီးကြီး၊ (ဦးခင်မောင်)၏ဇနီး၊ ဦးကျော်သိန်းဦး (1/E Pil Shipping Co., Ltd.)-ဒေါ်ဖြူဖြူချို၊ ဦးဇော်ဆန်းအောင်-ဒေါ်နီလာကျော်သိန်း (Sweet Scent)၊ ဦးဝေမိုးကျော်သိန်း-ဒေါ်လဲ့လဲ့အောင်၊ မသီဂီကျော်သိန်း၊ Mr. Motoyori Yamaguchi-ဒေါ်မြတ်ကေသီကျော်သိန်း(ခ)မြသဉ္ဇာလီ၊ ဦးရဲလင်း-ဒေါ်တင်မျိုးမျိုး၊ ဦးကျော်မျိုး-ဒေါ်သီတာရွှေစင်၊ ဦးခင်ကိုလတ်-ဒေါ်ခင်မျိုးမျိုး ဦးဝေဖြိုး (2/O RCL Shipping Co., Ltd.)-ဒေါ်နန်းဖြူဖြူသန့်၊ ဦးကိုကိုအောင် (JFE Co., Ltd.)-ဒေါ်ဥမ္မာကျော် (JFE Co., Ltd.)၊ ဦးစိန်တိုး-ဒေါ်မြတ်မင်းခိုင်၊ မဇေယျာမြင့်၊ ကိုစိုးလင်းနိုင်၊ ဦးကျော်မြင့်-ဒေါ်ခင်မာလာ၊ မောင်စည်သူ၊ မောင်ဟိန်းဆက်၊ မောင်ပြည့်စုံဆက်၊ မောင်စွမ်းထက်တို့၏အဘွား၊ မြစ် ၁၄ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဂွတ္တလစ်၊ အေးစေတီလမ်း၊အိမ်အမှတ် ၂၂ မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးမြင့်ဆွေ (တင်းနစ်)
(ဒု-လ/ထအကောက်ခွန်မှူး)
အသက်(၅၃)နှစ်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၃ လမ်း၊ တိုက် ၆၂/၄ နေ (ဦးအေး-ဒေါ်ညွန့်ရီ)တို့၏ သား၊(ဦးကျင်သောင်း - ဒေါ်မြသန်းရီ)တို့၏ သားသမက်၊ ဒေါ်ငွေးငွေးဝင်း၏ ခင်ပွန်း၊ မတင်တင်အေး၊ မောင်ကျော်မိုးဝင်း (အကောက်ခွန်)တို့၏ဖခင်သည် ၁၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဖေစိုးမောင်
(တောင်ကုတ်)
အသက်(၃၃)နှစ်
ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ဘဏ်ဝန်ထမ်းအိမ်ရာနေ ဦးသန်းထွန်း (လ/ထမန်နေဂျာ၊မွေး/ရောဘဏ်၊လ/ထမန်နေဂျာ၊ စီးပွားရေးဘဏ်၊ ငြိမ်း)-ဒေါ်ခင်ကြည်တို့၏သား၊ မောင်ဇော်နိုင်ဦး(စီး/ပွားဘဏ်၊ တောင်ကုတ်မြို့)၏ညီ၊ မအေးမြတ်မွန်(စီး/ပွားဘဏ်၊ ဂွမြို့)-မောင်ဝင်းနိုင် (စီး/ပွားဘဏ်၊ ဂွမြို့)၊ မောင်ဝေဖြိုးအောင်(နီတာ)တို့၏ အစ်ကိုသည် ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက်(စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မမလေး (ကမာရွတ်)
အသက်(၉၂)နှစ်
ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မင်းဒင်လမ်းသွယ် ၅၊ တိုက်အမှတ် ၅၃/၁ နေ ဦးစံဖိုး-ဒေါ်မယ်သင်တို့၏သမီး၊ ဦးချန်၏ဇနီး၊ ဦးမောင်မောင်လေး(ညွှန်မှူး၊ ငြိမ်း၊ F.E.R.D) - ဒေါ်တိုးတိုးဝင်း (လက်ထောက်ညွှန်မှူး၊ F.E.R.D)၊ (ဦးမောင်မောင်အေး-နိုင်ငံခြားရုပ်ရှင်)-ဒေါ်မြစန်းရီ(အရှိအထူးကုဆေးရုံ၊ ကြည့်မြင်တိုင်)၊ (ဒေါ်စိန်စိန်ရီ-ရေလမ်းဦးစီး)တို့၏မိခင်၊ မသက်မင်းအေး(ရှမ်းရိုးမနဂါးကုမ္ပဏီ)၊ မောင်သက်နိုင်ဦး၊ မောင်သက်နိုင်စိုး၊ မောင်အေးသက်ထွန်းတို့၏ အဘွားသည် ၂၀-၅-၂၀၀၄ရက် နံနက် ၁၀း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်တွင် ဝတ်ပြုဆုတောင်းပြီး မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြအောင်
ဦးစီးအရာရှိ(လဝက)(ငြိမ်း)မတ္တရာ
အသက်(၇၆)နှစ်
မန္တလေးတိုင်း၊မြစ်သားမြို့နေ(ဦးသိန်းမောင်-ဒေါ်ပွားမြစ်)တို့၏သား၊ မတ္တရာမြို့နယ်မြေ(၂)နေ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ ၎င်းရပ်နေ ဦးခင်သန်း-ဒေါ်တင်တင်ကြည်(အထက၊ မတ္တရာ)၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်း(သချာင်္ဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်တင်(လဝက၊ မတ္တရာ)-ဒေါ်ခင်မာစီ၊ ဦးအေးကြူ-ဒေါ်သိန်းသိန်းအေး(လဝက၊ မတ္တရာ)၊ ဦးခင်မောင်ဆွေ - ဒေါ်သန်းသန်းထွေး (တရားရုံး)၊ ဒေါ်မိမိငယ် (FISCA Enterprises)၊ မချိုချိုဆင့်(Super Lamp Co,.Ltd)၊ ဒေါ်တိုးတိုးအောင်၊ ဦးထက်မြက်အောင် - ဒေါ်မိုးမိုးအောင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၉-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက်(သောကြာနေ့)တွင် မတ္တရာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည်
(ဇီးဖြူကုန်း၊ ထိန်တော)
အသက်(၇၄)နှစ်
ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းရွာမနေ (ဦးကျော်လှိုင်-ဒေါ်မယ်စီ)တို့၏သား၊ ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ ထိန်တောမြို့နေ (ဦးတင်မောင်-ဒေါ်ရှိန်)တို့၏သားသမက်၊ မန္တလေးမြို့နေ ဒေါ်စိမ်းစိမ်း၊ချော်တွင်းကုန်းအိမ်ထောင်သည်လိုင်းနေ ဒု-အရာခံဗိုလ်စိုးလွင်-ဒေါ်စန်းရီ၊ လှိုင်သာယာမြို့၊ (၁၃)ရပ်ကွက်၊ ကြံတိုင်းအောင်လမ်းနေ ဦးတင်လတ်-ဒေါ်ရှုကြည်တို့၏အစ်ကို၊ လှိုင်သာယာမြို့၊ (၁၄)ရပ်ကွက်၊ ချောင်းသာလမ်း၊ အမှတ် ၅၉၉/က နေ ဒေါ်ကြည်ကြည်မြင့်၏ခင်ပွန်း၊ဦးစိုးနိုင်-ဒေါ်မျိုးချစ်အေး၊ ဦးတင်ဝင်း-ဒေါ်ဥမ္မာ၊ မောင်မျိုးသိန်းအောင်-မမူမူသန်း၊ မောင်မောင်စိုး-မထားထားဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၀-၅-၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်စိုးလှိုင်
(အငြိမ်းစား)
အသက်(၆၀)
ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နေ(ဦးဘိုးရှိန်-ဒေါ်မြ)တို့၏သား၊(ဦးဘလှိုင်-ဒေါ်မြတင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၅ လမ်း၊ အမှတ် ၇၄၀/က နေ ဒေါ်အုံးရီ၏ခင်ပွန်း၊ ကိုဇော်မင်းလှိုင်၊ ကိုနေဝင်းလှိုင်(တပ်စာရင်းကိုင်)-မချိုချိုအောင်(တပ်စာရင်းကိုင်)၊ ကိုလှိုင်မျိုးသူ၊ ကိုဟန်ဝင်းလှိုင်(စီးပွားရေးဦးစီး)-မနီလာမော်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၅-၂၀၀၄ရက် ညနေ ၃း၃၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဒေါ်မြသန်း (ရေနံချောင်း)
အသက်(၈၄)နှစ်
ညောင်ရွှေမြို့၊နန်းသီတာရပ်ကွက်နေ (ဦးကျင်မောင်)၏ဇနီး၊ ဒေါ်စန်းမြင့်၊ ဒေါ်စန်းတင့်-(ဦးမြ)၊ ဦးညွန့်ဖေ-ဒေါ်ခင်သန်းဆွေ၊ ဦးညွန့်ရွှေ-ဒေါ်သန်းသန်းငွေး၊ ဦးညွန့်ဝေ-ဒေါ်မို့မို့၊ ဦးခင်မောင်ဇင်-ဒေါ်ခင်ချိုဦး၊ ဦးခင်မောင်သိန်းတို့၏မိခင်၊ မြေး/မြစ် ၂၆ ယောက်တို့၏ အဘွားသည် ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့)တွင်အထက်ပါညောင်ရွှေမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ညောင်ရွှေမြို့နန်းသီတာသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအုန်းတင် (ဟသ္တာတ)
ရုံးအုပ်(ငြိမ်း)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှုဆောင်
(မိုးကောင်း/သဲအင်းဂူမွှာရုံ)
အသက်(၇၃)နှစ်
ဟသ္တာတမြို့နေ (ဦးရွှေ-ဒေါ်စိန်တုတ်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၂၆၂၊ ပုလောလမ်း၊ (၁၈-B)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ (ဦးအေးရွှေ)-ဒေါ်ငွေကျင်တို့၏သားသမက်၊ ဒေါ်ခင်ညိုညိုတင်-ဦးသိန်းကျော်ဝင်း(A.B-Monsoon Shipping Co,Ltd.)၊ ဒေါ်ခင်စန္ဒာတင် - ဦးအောင်လွင်စိုး (Rhino Earth Work)၊ မမာမာခိုင်(ခ)ဒေါ်လီမာ၊ မခင်ဆွေတင့်(ခ)နီနီမာ၊ ကိုကျော်ဇေယျ၊မခင်မြတ်သူတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရွှေသာ (စစ်တွေမြို့)
လက်ထောက်အမှုဆောင်
အင်ဂျင်နီယာ(ငြိမ်း)M.E.P.E
အသက်(၇၀)
စစ်တွေမြို့နေ (ဦးထွန်းလှခိုင်-ဒေါ်စောပု)တို့၏သား၊ (ဦးသံဒိုင်-ဒေါ်ဝင်းစံဦး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သစ်တောလမ်း၊ အမှတ် ၁၀၅၊ လျှပ်စစ်ကိုယ်ပိုင်ဝင်း၊ အလုံမြို့နယ်နေ (ဒေါ်စောယဉ်)၏ခင်ပွန်း၊ ဦးဦးသာကျော်(ပါချုပ်၊ ငြိမ်း)-ဒေါ်စောတင်၊ ဦးဦးကျော်ဇော-ဒေါ်မလုံး၊ ဦးကောင်းလှထွန်း(ဒုရဲအုပ်၊ ခခမ၊ ငြိမ်း)-ဒေါ်ညွန့်ခင်၊ ဦးထွန်းမင်း-ဒေါ်မသောင်းစိန်တို့၏ညီ/အစ်ကို၊ ဦးခင်မောင်ဖြူ၊ ဦးအုန်းမြင့် (M.E.P.E၊ မော်တော်ယာဉ်)-ဒေါ်ခင်မာဝင်းသာ၊ ဦးအောင်လွင်(လျှပ်စစ်အလင်းရောင်)-ဒေါ်ခင်ခင်ဝင်းသာတို့၏ဖခင်၊ မောင်နေဝင်းအောင် (ရေကြောင်းပညာတက္ကသိုလ်)၊ မသဇင်နု (အထက-၆၊ အလုံ)၊ မောင်ထူးယုအောင်(အထက-၆၊ အလုံ)တို့၏အဘိုးရှင်သည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၀ နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း
B.A (Hist)
(ကံဘဲ့၊အထက၊တွံတေးမြို့)
အသက်(၄၇)နှစ်
တွံတေးမြို့နယ်၊ ရှမ်းစုကြီးရွာနေ ဦးကျော့-ဒေါ်ယဉ်တို့၏သမီး၊ ဦးစောချစ်ထွေး၏ဇနီး၊ (ဒေါ်မြင့်)၊ ဦးမင်းလွင်(အမကကျောင်းအုပ်၊ ကဒုံ)-ဒေါ်ကြည်မြင့်၊ ဦးစိန်ကုလား-ဒေါ်စောညွန့်၊ ဦးမင်းသိန်း-ဒေါ်ခင်ညွန့်တို့၏ညီမ၊ ဦးဖုန်းမြင့် (Ex-R.O)-ဒေါ်ခင်ကျွေ(တောင်ညွန့်သ/မဦးစီး)၊ ဦးဝင်းထွဋ်(AE-ပေါင်းလောင်းစီမံကိန်း၊ ပျဉ်းမနား)-ဒေါ်နန်းတင်တင်ငွေး(ပျဉ်းမနားစာရင်းရုံး)တို့၏အစ်မ၊ နန်းဝေဝေဖြိုးသော်၊ နန်းပြည့်ပြည့်ဖြိုးမော်တို့၏မိခင်သည် ၁၉-၅-၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

တစ်မျိုးသားလုံးပညာရည်မြင့်မားပြီး အစဉ်လေ့လာသင်ယူနေသော ပညာရေးစနစ်ဖြစ်ထွန်းရန် စနစ်တကျစီမံ
နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများပန်တီးပေးမည့်ပညာရေးစနစ် ပီပီပြင်ပြင်ဖြစ်ထွန်းရေးကြိုးပမ်း
အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပပြီးမြောက်ရေး ပညာရေးကဏ္ဍမှ ကျရာတာဝန်ကျေပွန်စွာထမ်းရွက်

ရန်ကုန် မေ ၂၀

ပညာရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✡

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပညာရေးကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပ
ညီလာခံအစည်းအဝေးတက်ရောက်သူ ၉၇ ဒသမ ၅၃ ရာခိုင်နှုန်းရှိ၍ အစည်းအဝေးအထမြောက်
လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍများကို လုပ်ငန်းကော်မတီဝင်များက ရှင်းလင်းတင်ပြ

ရန်ကုန် မေ ၂၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်

စာမျက်နှာ ၇ ကော်လံ ၁ ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်စဉ်နှင့် တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၁၉၉၈၅၉

လက်တွဲဝန်းရံ
အမျိုးသားညီလာခံ